Vol. 2 ., Issue 4

# The Strategy First Times

December 19, 2016 | ၁၃၇၈ ခု၊ နတ်တော်လပြည့်ကျော် (၅) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်

## Should you live for your resume or your eulogy?

စာ - ၁၀ သို့

ဒီတစ်ပတ်မှာတော့ David Brooks ရဲ့ Should you live for your résumé or your eulogy? ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာ ဖြစ်ပါတယ်။

စာရေးဆရာနဲ့ ဆောင်းပါးရှင် David Brooks ဟာ စီးပွားရေး၊ နိုင်ငံရေး စတဲ့နယ်ပယ်တွေမှာ ကျွမ်းကျင်သုံးသပ်သူတစ်ယောက် ဖြစ်ပြီးတော့ Wall Street Journal နဲ့ The New York Times တို့မှာလည်း ပုံမှန်ဆောင်းပါးရှင်တစ်ယောက် ဖြစ်ပါတယ်။

ကျွန်တော့်ကို တစ်ခါတုန်းက လူတစ်ယောက်ကနေ ဘဝကို တိုးတက်အောင်မြင်ဖို့ကိုပဲ အမြဲတမ်း အာရုံစိုက်မနေနဲ့လို့ ပြောခဲ့ပါတယ်။ ဘဝမှာ အောင်မြင်ဖို့အပြင် တခြားအရာပေါင်း များစွာရှိနေတာကို အသိအမှတ်ပြုတတ်ဖို့ သူကပြောခဲ့တယ်လို့ David Brooks က ပြောပါတယ်။

ဒီဗီဒီယိုထဲမှာ David Brooks က သူ့ရဲ့ထူးခြားတဲ့ အတွေးအမြင်တွေကို ရှင်းလင်းထားပါတယ်။ လူတိုင်းမှာ စိတ်နှစ်မျိုးစီ ရှိကြတယ်လို့ ဆိုပါတယ်။






## ကျောင်းပိတ်ရက် ကြေညာခြင်း

၂၀၁၆ ဒီဇင်ဘာလ (၂၅) ရက် ခရစ်စမတ်နေ့၊ ၂၀၁၇ဇန်နဝါရီလ (၁) ရက်နှစ်သစ်ကူးနေ့နှင့် ဇန်နဝါရီလ (၄)ရက် လွတ်လပ်ရေးနေ့များကို ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ထားပါသည်။ ထိုရက်များတွင် သင်တန်းများနှင့် ရုံးပိတ်မည်ဖြစ်ပြီး ၂၀၁၇ ဇန်နဝါရီလ (၅) ရက်နေ့မှစ၍ သင်တန်းများအားလုံး ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

## ကိုယ့်အတွက် အကောင်းဆုံး အလုပ်ကို ဘယ်လိုရှာမလဲ?

စာ - ၁၁ သို့









စာ - ၄ သို့

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလများတွင် ဖွင့်လှစ်မည့် ICM တန်းခွဲသစ်များ




Institute of Commercial Management (ICM, UK) မှ ပေးအပ်သော လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု ဆိုင်ရာ သင်တန်းများ

ICM Single Subject Diploma in Human Resources Management

ICM Single Subject Diploma in Human Resources Development

**၂၀၁၇ ဇန်နဝါရီ (၆) ရက် အတန်းစမည်။**

---

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေ သူများ၊ ကိုယ်ပိုင်စီးပွားရေး စတင်တည် ထောင်ရန် စီစဉ်နေသူများ၊ MBA သင်တန်းများ တက်ရန် ပြင်ဆင်နေသူများ၊ စီးပွားရေး စီမံခန့်ခွဲ မှုပညာကို စိတ်ဝင်စားသူများအတွက်အခြေခံမှစပြီးစုံလင်စွာသင်ကြားပေးသောအကောင်းမွန်ဆုံးစီးပွားရေးသင်တန်း

ICM Single Subject Diploma in Business Management & Administration

**၂၀၁၆ ဒီဇင်ဘာ ၂၄ ရက် အတန်းစမည်။**

---

ခရီးသွားလုပ်ငန်းများ၊ဟိုတယ်လုပ်ငန်းများ၊စားသောက်ဆိုင်လုပ်ငန်းများတွင်လုပ်ကိုင်နေသော မန်နေဂျာများ၊ Executives များအတွက်

ICM Single Subject Diploma in Hospitality Management

**၂၀၁၇ ဇန်နဝါရီ (၈) ရက် အတန်းစမည်။**

---

စီးပွားရေး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော နည်းဥပဒေများကိုသင်ကြားပေးမည့်

ICM Single Subject Diploma in Business Law

**၂၀၁၇ ဇန်နဝါရီ (၈) ရက် အတန်းစမည်။**

---

Company နှင့် NGO များတွင် Logistics & Supply Chain ဆိုင်ရာစီမံခန့်ခွဲမှုပိုင်းတွင် လုပ်ကိုင်နေသူများအတွက်

ICM Single Subject Diploma in Logistics & Supply Chain Management

**၂၀၁၇ ဇန်နဝါရီ (၅) ရက် အတန်းစမည်။**

---

ဆောက်လုပ်ရေးလုပ်ငန်းများ၊ NGO များမှ Project Manager များ၊ Project တာဝန်ထမ်းဆောင်နေသူများနှင့် Project Management ဘာသာရပ်ကို စိတ်ဝင်စားသူများအတွက်

ICM Single Subject Diploma in Project Management

**၂၀၁၇ ဇန်နန်ဝါရီ (၇) ရက် အတန်းစမည်။**

---

အထူးအဆင်ပြေသော AYA Credit Cards (or) CB Credit Cards အကြွေးဝယ်ကဒ်ဖြင့် ငွေချေးစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။
AYA Credit Card လျှောက်လွှာများကို **Strategy First** မှ တစ်ဆင့် လျှောက်ထားနိုင်ပါမည်။

## ဇန်နဝါရီတွင် CIM Diploma in Professional Marketing သင်တန်းများ စတင်ပါမည်

နှစ်ပေါင်း ၁၀၀ကျော်က စတင်တည်ထောင်ပြီး အဖွဲ့ဝင် ၄၀၀၀၀ ကျော်ရှိသည့် ယူကေနိုင်ငံမှ ကမ္ဘာ့ဩဇာအရှိဆုံး စျေးကွက်ပညာ အဖွဲ့ကြီးမှ ချီးမြှင့်သော စျေးကွက် ဒီပလိုမာသင်တန်းများ ဇန်နဝါရီလတွင် စမည်။ CIM Diploma in Professional Marketing ပြီးစီးရန် Module (၃) ခု

Strategic Marketing | Mastering Metrics | Digital Strategy တို့ကို အောင်မြင်ရပါမည်။

တစ်ဘာသာချင်းတက်ရောက်နိုင်ပြီး ဘာသာရပ်အလိုက် CIM Single Awards များရယူနိုင်ပါသည်။ CIM စာမေးပွဲများ အောင်ရန် အလွန်ခက်ခဲပါသည်။

CIM Diploma Level သို့ တိုက်ရိုက်ဝင်ခွင့် သတ်မှတ်ချက်မှာ -

IELTS Overall 6.5 ရရှိထားပြီး အောက်ပါအချက်များမှ အနည်းဆုံး တစ်ခု ပြည့်စုံရပါမည်။

၁။ MBA တွင် Marketing နှင့် သက်ဆိုင်သော ဘာသာရပ် ၆၀ Credit (သို့) Bachelor's ဘွဲ့တွင် Marketing နှင့် သက်ဆိုင်သော ဘာသာရပ် ၁၂၀ Credit ရရှိပြီးသူများဖြစ်ရမည်။

၂။ ICM Single Subject Diploma in Marketing Management, ICM Single Subject Diploma in Marketing Principles (120 hrs) ရရှိထားသူ

၃။ ABE Diploma တွင် Marketing နှင့် Strategic Marketing အောင်မြင်ထားသူ

၄။ Marketing လုပ်သက် (၂) နှစ် ရှိပြီး၊ နာရီ ၁၂၀ ICM Marketing တက်ထားသူများ၊ အခြား အနည်းဆုံး နာရီ ၁၂၀ ရှိသော Marketing သင်တန်းတက်ထားသူများ အထက်ပါအချက်တစ်ခုခုနှင့် ကိုက်ညီပါက CIM မှ ဝင်ခွင့်စာမေးပွဲ (အခမဲ့) ဖြေဆိုပြီး Level 6 အဆင့်ရရှိ အောင်မြင်ပါက တက်ရောက်နိုင်ပါသည်။

သတ်မှတ်ချက်များ မကိုက်ညီပါက CAM Diploma in Marketing Communications (သို့မဟုတ်) ICM Single Subject Diploma in Marketing Management သင်တန်းကို ဦးစွာ တက်ရောက်နိုင်ပါသည်။



မှတ်ချက် - CIM စာမေးပွဲမဖြေဆိုဘဲပညာအတွက်သာတက်ရောက်လိုပါက ဝင်ခွင့်သတ်မှတ်ချက်မရှိပါ။


The Strategy First Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Than Naing

**Senior Reporter/ Assistant Editor**
Thiha Ko Ko
Naing Naing Zaw

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# Edinburgh Business School (EBS) မှ Doctor of Business Administration (DBA) စီးပွားစီမံပါရဂူဘွဲ့အတွက် Strategy First Institute မိတ်ဖက်ဖြစ်လာ





UK ထိပ်တန်း တက္ကသိုလ်တစ်ခုဖြစ်တဲ့ Edinburgh Business School (EBS), Heriot-Watt University ရဲ့ MBA, MSc Program များကို **Strategy First** မှာ သင်ကြားပို့ချပေးလျက်ရှိရာ ယခုအခါ Doctor of Business Administration (DBA) စီးပွားစီမံပါရဂူဘွဲ့အတွက် Partner အဖြစ် သဘောတူညီချက်ရရှိပြီးတက်ရောက်နိုင်ရန်အတွက်ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

Edinburgh Business School မှ DBA Programme ကို တက်ရောက်ရန်အတွက် နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာ မဟာဘွဲ့ - MBA, MA/MSc တစ်ခုခု ရရှိထားရမှာဖြစ်ပြီးတော့ အင်္ဂလိပ်စာ အဆင့်သတ်မှတ်ချက်အနေနဲ့ IELTS 7.0 ရရှိထားမှာဖြစ်ပါတယ်။ လျှောက်ထားလိုသူများကို EBSမှ ဝင်ခွင့် စိစစ် လက်ခံပေးသွားမည်ဖြစ်ပါသည်။ Edinburgh Business School ရဲ့ DBA Programme မှာ Research Methods တွေကို မှန်ကန်စွာ အသုံးချပြီး စီးပွားရေးဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းဖို့အတွက် Solution တွေကို ရှာဖွေနိုင်ပြီး ထိရောက်စွာ အသုံးချနိုင်ရေးအတွက် သင်ကြားပေးသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှအရည်အချင်းပြည့်ဝတဲ့ထိပ်တန်းကျောင်းသားများသာ တက်ရောက်ကြတဲ့ DBA တစ်ခုဖြစ်ပြီး MBA နဲ့ MSc မဟာတန်းတွေမှာ သင်ကြားခဲ့တဲ့ ဘာသာရပ်များကို အခြေခံကာ ပိုပြီး အဆင့်မြင့်မားစွာ ရေးဆွဲထားတဲ့ Research-based Programme တစ်ခုလည်း ဖြစ်ပါတယ်။ ကျောင်းသားတိုင်းဟာ Edinburgh Business School မှ Supervisor များရဲ့ အပြည့်အဝ ပံ့ပိုးမှုများကိုလည်း သင်တန်းကာလတစ်လျှောက်ရရှိမှာ ဖြစ်ပါတယ်။ DBA ဟာ ပြီးမြောက်ဖို့အတွက် လွန်စွာခက်ခဲတဲ့ Programme တစ်ခု ဖြစ်ပါတယ်။ EBS-Doctor of Business Administration ဘွဲ့ပြီးမြောက်ဖို့အတွက် ကြာချိန်ကတော့ အနည်းဆုံး (၃) နှစ်မှအများဆုံး (၇) နှစ်အထိ ကြာမြင့်မှာ ဖြစ်ပါတယ်။

---

## Strategy First မှာ ကျောင်းတက်ရင်း ဝါသနာတူရာ ကျောင်းသားတွေ အတူတူ Activities တွေလုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာ Club တွေမှာ ပါဝင်နိုင်ပါတယ်

၁။ Strategy First Buddhist Society - Dhamma Friends လောလောဆယ်တော့ NCC တန်းတွေ စုပြီးရွှေတိဂုံမှာ ပရိတ်၊ ပဋ္ဌာန်းရွတ်ကြပါတယ်။

၂။ ဓာတ်ပုံဝါသနာပါသူ၊ ရိုက်ချင်တဲ့ လူ၊ အရိုက်ခံချင်သူတွေအတွက် Strategy First Photography Club

၃။ ပရဟိတ စိတ်ဝင်စားသူများအတွက် Strategy First Volunteers Club

၄။ - Chess ထိုးချင်သူများအတွက် Strategy First Chess Club

၅။ အားကစားဝါသနာရှင်များအတွက် Strategy First Sports Club

၆။ လေကန်ရတာ ဝါသနာပါသူတွေအတွက်၊ စကားပြောလေ့ကျင့်ချင်သူတွေအတွက် Strategy First Public Speaking and Debate Club

၇။ ခရီးစုသွားချင်သူတွေအတွက်Strategy First Travel Club

၈။ အနုပညာ လှုပ်ရှားချင်သူတွေအတွက် Strategy First Music & Drama Club

၉။ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် Strategy First Career Opportunities

၁၀။ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေ၊ လုပ်ငန်းရှင်ဖြစ်လိုသူတွေအတွက် အပြန်အလှန်ကူညီနိုင်ဖို့ Strategy First Entrepreneurs Club

၁၁။ ရေးချင်သားချင်တဲ့လူတွေအတွက် Strategy First Writers Club

**Strategy First** မှ ဝါသနာတူ ကျောင်းသားတွေစုစည်းထားတဲ့ Group တွေကို စိတ်ကြိုက်ပါဝင်နိုင်ပါတယ်။ ပေးထားတဲ့ QR Code တွေကို Mobile Phone နဲ့ Scan လုပ်ပြီး သက်ဆိုင်ရာ Group တွေကို သွားရောက်နိုင်ပါတယ်။ QR Code Scanner Application တွေကိုတော့ Google Play store၊ App Store တို့မှာ Download ဆွဲလို့ရပါတယ်။





Coca-Cola

# Santa Claus ပုံပြင်နဲ့ ကြော်ငြာများ

## Santa Claus ဆိုတာဘယ်သူလဲ?

ခရစ်စမတ်ဆိုရင်လူတိုင်း မျက်စိထဲ ပြေးမြင်မိမှာတော့ Santa Claus ဆိုတာ အထူးပြောစရာလိုမယ်မထင်ပါဘူး။ Santa Claus ဟာ ခရစ်စမတ်ရဲ့ပြယုဒ်တစ်ခုလို့လည်း ပြောလို့ရပါတယ်။

Santa Claus ဘိုးဘိုးလို့ပြောရင် လူအများသိထားတဲ့ဇာတ်လမ်းကတော့ မြောက်ဝင်ရိုးစွန်းမှာ နေထိုင်တဲ့ ဝဝတုတ်တုတ်၊ မုတ်ဆိတ်မွေးအဖြူကြီးနဲ့ အနီရောင် ဝတ်စုံကြီးဝတ်ပြီးတော့ HO HO HO လို့ ရယ်တတ်တဲ့ ဘိုးဘိုးကြီးဖြစ်ပါတယ်။ ခရစ်စမတ် မတိုင်ခင်ညမှာ Santa Claus က Reindeer လို့ခေါ်တဲ့ သမင်ကြီးတွေ ဆွဲထားတဲ့ လှည်းကြီးကို လေပေါ်မှာမောင်းနှင်စီးနင်းပြီးတော့တစ်နှစ်တာပတ်လုံး လိမ္မာစွာနေခဲ့တဲ့ကလေးတွေကိုလက်ဆောင်တွေ၊ အရုပ်တွေ တိတ်တဆိတ် လိုက်ပေးပါတယ်။ Santa Claus ရဲ့ဒဏ္ဍာရီ ဖြစ်ပေါ်လာပုံက တကယ်တော့ ဒီလိုဖြစ်ပါတယ်။

Santa Claus ပုံရိပ်နောက်ကွယ်က လူကတော့ Saint Nicholas ဆိုတဲ့ဘုန်းတော်ကြီးတစ်ပါးဖြစ်ပါတယ်။

အေဒီ (၄) ရာစုတုန်းက အခု တူရကီနိုင်ငံရှိတဲ့နေရာက Myra ဆိုတဲ့ မြို့လေးမှာမှာနေထိုင်ခဲ့တဲ့ St.Nicholas ရဲ့ မိဘတွေဟာ အရမ်းချမ်းသာတဲ့ လူတွေဖြစ်ခဲ့ပြီးတော့ သူငယ်စဉ်ကတည်းက ဆုံးပါးသွားတာကြောင့် အမွေများစွာရရှိခဲ့ပါတယ်။ ဒါပေမဲ့ St.Nicholas ဟာ ဘုန်းကြီးဖြစ်တဲ့အတွက် ဒီစည်းစိမ်တွေကို သုံးစွဲစရာမလိုအပ်တာကြောင့် ဆင်းရဲနွမ်းပါးသူတွေကိုအလျှင်းသင့်တိုင်း ပေးကမ်းလေ့ရှိသလို လက်ဆောင်တွေလည်း တိတ်တဆိတ် လိုက်ပေးလေ့ ရှိတယ်လို့ ပြောကြပါတယ်။ St.Nicholas ကို အစွဲပြုပြီးတော့မှ တစ်ဆင့် Sinter Klaus ကနေ Santa Claus ဖြစ်လာတာ ဖြစ်ပါတယ်။ ဒတ်ချ်လူမျိုးတွေက စတင်ခေါ်ဝေါ်ခဲ့ကြတာလို့ ပြောကြပါတယ်။

ဒီနေ့ လူအများမြင်နေရတဲ့ မုတ်ဆိတ်ဖြူဝဝနဲ့ အနီရောင်ရဲရဲဝတ်ထားတဲ့ Santa Claus ကတော့ဂျာမနီနိုင်ငံမှာမွေးဖွားခဲ့တဲ့အမေရိကန်နိုင်ငံသား Thomas Nast ဆိုသူကစတင်ရေးဆွဲခဲ့တာဖြစ်ပါတယ်။

Thomas ဟာငယ်စဉ်တုန်းကအိမ်နီးချင်း ပုပုဝဝ အဖိုးအိုတစ်ယောက်က ခရစ်စမတ်ရောက်တိုင်း ပြုံးရွှင်ပြီးတော့ ကလေးတွေကို လက်ဆောင် လိုက်ပေးတာကို မြင်ယောင်ကာ ဂုဏ်ပြုတဲ့အနေနဲ့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။

အနောက်တိုင်းနိုင်ငံတွေမှာတော့ကလေးတွေက စာတိုက်ကနေ Santa Claus ကို သူတို့တစ်နှစ်ပတ်လုံး လိမ္မာစွာနေထိုင်ခဲ့တာကြောင့်လက်ဆောင်တွေလာပေးဖို့စာတွေရေးပို့ကြပါတယ်။ လိမ္မာတဲ့ကလေးတွေကို Santa ကလက်ဆောင်လာပေးလေ့ရှိတယ်လို့ငယ်စဉ်တည်းကမိဘတွေကပြောပြထားလို့ဖြစ်ပါတယ်။ ဒီစာတွေကို စာတိုက်နဲ့ လုပ်အားပေးဝန်ထမ်းတွေက Santa Claus အနေနဲ့ စာတွေ ပြန်ရေးပေးကြပြီးတော့ကလေးတွေရဲ့မိဘတွေကလည်း လက်ဆောင်တွေကို Santa Claus လာပေးတယ်ဆိုပြီးတော့တိတ်တဆိတ်ထားထားတတ်ပါတယ်။

ခရစ်စမတ်အငွေ့အသက်ကို ဖော်ပြတဲ့အနေနဲ့ နေရာတကာမှာခရစ်ယာန်တွေသာမကတခြားသူတွေကပါခရစ်စမတ်အလှဆင်ပစ္စည်းတွေကို လှပစွာ အလှဆင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

Santa Claus ကို အားလပ်ရပ် Season ရောက်လာပြီဆိုရင် တီဗီနဲ့ Billboard တွေမှာလည်း များစွာတွေ့ရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီပေါင်းများစွာ Brand ပေါင်းများစွာက Santa ပုံရိပ်ကိုအသုံးချပြီး ကြော်ငြာများ ပြုလုပ်ကြတာကြောင့်ဖြစ်ပါတယ်။ Santa နဲ့ကြော်ငြာခဲ့တဲ့ အရာတွေထဲကမှ အလွန်နာမည်ကြီးခဲ့တဲ့ ကြော်ငြာတချို့က ဖော်ပြပေးသွားပါမယ်။

## Coca-Cola

အမေရိကန်နိုင်ငံနဲ့ နိုင်ငံတော်တော် များများမှာ Holiday Season ရောက်လာပြီဆိုရင် Coca-Cola နဲ့ Santa Claus ကိုနေရာတကာမှာတွဲမြင်ရမှာဖြစ်ပါတယ်။ လူတွေဟာ Holiday Season ရောက်ပြီဆိုတာကို ပြက္ခဒိန် ကြည့်စရာမလိုပါဘူး၊ နှစ်စဉ် Coca-Cola ကလုပ်တဲ့ Santa Claus နဲ့ Coca-Cola ကြော်ငြာတွေ နေရာတကာမှာ တွေ့ မြင်နေရပြီဆိုတာနဲ့ Holiday Season ရောက်ပြီဆိုတာကို သိနိုင်ပါတယ်။ လူတော်တော်များများအတွက်ဒီဇင်ဘာအားလပ်ရက်ဆိုတာနဲ့ ကိုကာကိုလာ ဆိုတဲ့ အမှတ်တံဆိပ်ကို ပြေးမြင်မိကြတာဟာ Coca-Cola ကုမ္ပဏီကနေ ၁၉၃၁ ခုနှစ်ကစပြီး ဒီဇင်ဘာအားလပ်ရက်ခရစ်စမတ်တိုင်းမှာ Santa Claus နဲ့ ကြော်ငြာတာကြောင့်ပဲ ဖြစ်ပါတယ်။ Ho Ho Ho ဆိုတဲ့ရယ်သံနဲ့အနီရောင် Santa ဟာ Coca-Cola နဲ့ အကိုက်ညီဆုံး Brand ဇာတ်ကောင်ပဲဖြစ်ပါတယ်။

## Volkswagen Jetta

The all-new Jetta. You'll do anything to drive it ဆိုတဲ့ Campaign ထဲက တစ်ခုဖြစ်ပြီးတော့ Santa တောင်မှ ခရစ်စမတ်မှာ အရုပ်တွေလိုက်ဝေဖို့ စွပ်ဖားလှည်းကိုမသုံးတော့ဘဲ ရောင်းပြီး Jetta ကားကို သုံးတော့မယ်ဆိုတဲ့ပုံပဲ ဖြစ်ပါတယ်။ တော်တော်ပေါက်ခဲ့တဲ့ကြော်ငြာဖြစ်ပါတယ်။

## Orient

ဒါကတော့ Santa Claus ဟာ အချိန်မီ လက်ဆောင်တွေကို လိမ္မာတဲ့ ကလေးတွေကို လိုက်ပေးနိုင်ဖို့ Orient နာရီကိုပတ်ပါတယ်တဲ့။ Sao Paul, Brazil မှာ လုပ် ၂၀၀၂ ခုနှစ်က ကြော်ငြာခဲ့တာဖြစ်ပြီးစီစဉ်တာကတော့နာမည်ကျော် ကြော်ငြာအေဂျင်စီ Ogilvy ကပါ။

## Samsung LEDTV

၂၀၀၉ခုနှစ်ကအာဖရိကမှာကြော်ငြာခဲ့တဲ့ Samsung LED TV ကြော်ငြာဖြစ်ပါတယ်။

## Apple

၂၀၁၁ ခုနှစ်က Apple ရဲ့တီဗီကြော်ငြာမှာ Santa မှာကူညီနေတဲ့သူရှိပါတယ်။ မင်စာလေးတွေမဟုတ်ပါဘူး။ Apple iPhone4S က Siri ဖြစ်ပါတယ်။ Santa က Siri ကနေတစ်ဆင့် လက်ဆောင်လိုက်ပေးဖို့အိမ်လိပ်စာတွေနဲ့ရာသီဥတု အခြေအနေတွေကို ရှာဖွေနေတာကို ကြော်ငြာဗီဒီယိုမှာ တွေ့နိုင်ပါတယ်။


Apple



Orient



Samsung

# ခရစ်စမတ်ရဲ့ အားလပ်ချိန်တွေကို ဘယ်လိုဖြတ်ကျော်မလဲ



**စောဟေသဆဲ**
**(STRATEGY FIRST INSTITUTE)**

ဒီနှစ်ခရစ်စမတ်မှာအိမ်ကိုပြန်မှာပါ။ အိမ်ကျရင် မိသားစုနဲ့အတူ မုန့်တွေလုပ်စားမယ်။ ပြီးတော့ Santa Claus လိုမျိုး ခရစ်စမတ်မှာ ကလေးတွေအားလုံးကိုလည်းလက်ဆောင်လေးတွေပေးဖို့စီစဉ်ထားပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ခရစ်စမတ်မှာ လက်ဆောင်လေးတွေရရင် အရမ်းပျော်ပါတယ်။ ခရစ်စမတ်တိုင်းလိုလို အိမ်ကိုတော့ ပြန်ဖြစ်ပါတယ်။ ခရစ်ယာန်တွေအတွက်ကတော့ဒီဇင်ဘာလဟာအရေးကြီးပြီးထူးမြတ်တဲ့လတစ်လလည်းဖြစ်ပါတယ်။ NewYear မှာတော့ ရုံးကလုပ်ဖော်ကိုင်ဖက်တွေနဲ့ ခရီးသွားဖို့အစီအစဉ် ရှိပါတယ်။ ခရစ်စမတ်မှာအားလုံးလည်း ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။



**ကိုအာသာ**
**(Sales & Sales Management)**

ဒီနှစ်ခရစ်စမတ်မှာတော့ မန္တလေးကိုပြန်မှာပါ။ အလုပ်က ဒီမှာဆိုပေမယ့် မိသားစုကမန္တလေးမှာဆိုတော့ ဒီခရစ်စမတ်မှာ ပြန်ရမှာပါ။ နောက်ပြီး ကျွန်တော်တက်ခဲ့တဲ့ တက္ကသိုလ်ကအတန်းတူကျောင်းကသူငယ်ချင်းတွေနဲ့လည်း ဒီအားလပ်ရက်မှာ တွေ့ဆုံပွဲလုပ်မှာတော့ ဒီခရစ်စမတ်ကတော့ ကျွန်တော့်အတွက် ထူးခြားပါတယ်။ အရင်နှစ်တွေကတော့ မိသားစုနဲ့အတူ အပန်းဖြေခရီး ထွက်ဖြစ်တာ များတယ်။ သူငယ်ချင်းတွေနဲ့ စုပြီးပျော်ပွဲစားလုပ်ဖြစ်တာလည်း ရှိပါတယ်၊ နှစ်သစ်ကူးတော့မယ်ဆိုရင် ပျော်ပြီး တက်ကြွမှုဖြစ်တာပေါ့။ စာကလည်း တစ်ဖက်ကလေ့လာရဦးမှာဆိုတော့ ဒီရက်တွေမှာလည်း မိသားစုနဲ့ ဆုံမယ်။ စာလည်းလေ့လာရဦးမှာပါ။



**တင်အောင်မိုး**
**(Sales & Sales Management)**

ပြီးခဲ့တဲ့နှစ်သစ်တုန်းက မိသားစုနဲ့ ကျိုက်ထီးရိုး ဘုရားဖူး သွားခဲ့ပေမယ့် ဒီနှစ်ခရစ်စမတ်ကတော့ အလုပ်နဲ့ အိမ်မှာပဲအချိန်ကုန်ပါမယ်။ အလုပ်ကလည်း များတော့ အပြင်ထွက်ဖြစ်မှာ မဟုတ်ပါဘူး။ အချိန်ရရင်တော့ကလေးတွေကို မြို့တွင်းက ရွှေတိဂုံဘုရားတို့ ကန်တော်မင်ပန်းခြံတို့ဘာတို့လည်တာလောက်ပဲ ရှိပါမယ်။ တစ်ကူးတစ်ကကြီးတော့ သီးသန့်လည်တာမျိုးတော့မရှိပါဘူး။ စာလေးနည်းနည်းပါးပါး ပြန်လေ့လာဖို့ အစီအစဉ်လေးလည်း ဆွဲထားပါတယ်။ အလုပ်ကလည်း Sales နဲ့ Marketing အပိုင်းမှာတာဝန်ယူထားရတာဆိုတော့ အလုပ်ချိန်ပိုပေးရတာလည်းရှိနေတော့ မိသားစုနဲ့ပဲ အချိန်ကုန်မှာပါ။



**ကျော်မြတ်မင်း**
**(Business Law)**

ဒီခရစ်စမတ်မှာ သူငယ်ချင်းတွေစုပြီးပုဂံဘုရားဖူးသွားဖို့မှန်းထားပါတယ်။ ပထမတစ်ရက်မှာဘုရားဖူးမယ်၊ ဒုတိယနေ့မှာ လျှောက်လည်ကြမယ်၊ နောက်ဆုံးတစ်ရက်မှာတော့ တည်းတဲ့နေရာမှာပဲအေးအေးဆေးဆေးအနားယူမှာပါ။ Newyear ကြတော့ စာကြည့်တိုက်ဖွင့်ပွဲလေးသွားမယ်။ သူငယ်ချင်းတွေနဲ့လည်း ပြန်ဆုံကြပြီး ပျော်ကြဖို့မှန်းထားပါတယ်။ အရင်နှစ်ဒီအချိန်တွေ တုန်းကလည်း သူငယ်ချင်းတွေနဲ့အတူ ရုပ်ရှင်ရုံသွားကြပြီး အတူပျော်ကြတာများပါတယ်။ များသောအားဖြင့် နှစ်ကူးအချိန်တွေက သူငယ်ချင်းတွေနဲ့ပဲ လျှောက်လည်ပြီးအချိန်ကုန်ကြတာများပါတယ်။ အခြားအစီစဉ်တော့ သိပ်မရှိပါဘူး။



**ပြည့်ဝေဖြိုး**
**(English Elementary )**

ဒီဇင်ဘာ ခရစ်စမတ်လည်းဖြစ် နှစ်သစ်ကူးတဲ့အချိန်လည်းဖြစ်တော့အတန်းက သူငယ်ချင်းတွေနဲ့ကော အလုပ်က သူငယ်ချင်းတွေနဲ့ပါ Newyear Count Down လုပ်ဖို့ မှန်းထားပါတယ်။ ဘယ်နေရာရောက်ရောက် ဆင်းပြီး နှစ်သစ်ကိုကြိုကြမှာပါ။ ရုံးက ညီအစ်ကို မောင်နှမတွေနဲ့လည်း ခရီးသွားဖို့ မှန်းထားပါသေးတယ်၊ နေရာကိုတော့အတိအကျမသတ်မှတ်ရသေးပါဘူး။ နှစ်ဟောင်းကုန်တဲ့အချိန်ဖြစ်တာမို့လည်း ရှေ့မှာကြုံခဲ့တဲ့ဖြစ်ရပ်တွေထဲကနေ ကိုယ့်အတွက် သင်ခန်းစာ ယူစရာရှိတာတွေယူပြီး နှစ်သစ်အစီအစဉ်တွေအတွက်လည်း အကောင်းဆုံးပြင်ဆင်ရင်းနဲ့ အချိန် ကုန်ဖြစ်မှာပါ။



**အိတင်ဇာမော်**
**(Business Management & Administration)(Logistic)**

ညီမ ဒီနှစ်အစီအစဉ်မှာတော့ အပြင်သွားဖြစ်မှာမဟုတ်ဘူး။ အလုပ်ထဲမှာလည်း အစီရင်ခံစာတင်ရမှာလည်း ရှိတယ်၊ အခုတက်နေတဲ့ အတန်းတွေအတွက် စာလုပ်ဖို့လည်းရှိပါတယ်။ UMFCCI မှာလုပ်တဲ့ Entrepreneurship Business Model ပြိုင်ပွဲအတွက်လည်း ပြင်ဆင်နေရတာရှိတော့စာလုပ်ဖို့ပဲရှိပါတယ်။ အခုကျောင်းကလည်း ဒီခရစ်စမတ်အတွက် အတန်းတစ်ခုအခမဲ့ တက်ရဖို့ရှိတော့ နောက်လာမယ့်မာစတာတန်းနဲ့ ချိန်ပြီးတက်ဖို့ကြိုပြင်ရဦးမှာဆိုတော့စာဖတ်မယ်၊ ပြိုင်ပွဲအတွက် Idear တွေ စဉ်းစားမယ်၊ အတန်းအသစ်အတွက်ပြင်ဆင်ပါမယ်။ ဒီနှစ်ရဲ့ခရစ်စမတ်အားလပ်ရက်တွေမှာတော့ Learning နဲ့ အချိန်ကုန်မှာပါ။ အရင်နှစ်ကလည်းအလုပ်နဲ့ ကျောင်းကိစ္စနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။



**နှင်းရီ**
**(Business Management & Administration)**

ခရစ်စမတ်နဲ့ နှစ်သစ်မှာတော့ အခုသင်တန်းစာတွေ လေ့လာနေတယ်၊ စာမေးပွဲဖြေဖို့လည်းရှိတော့ ကြိုတင်ပြင်ဆင်မှုတွေ စပြီးလုပ်နေပါတယ်။ အလုပ်အသစ်အတွက်လည်း အရောင်းပိုင်းနဲ့ ပတ်သက်ပြီး Plan တစ်ခု ချပြနိုင်အောင် ပြင်ဆင်နေပါတယ်။ ဒီနှစ်သစ်ကူးမှာတော့ အများသူငါလိုပဲပွဲတွေလျှောက်သွားမယ်။ သူငယ်ချင်းတွေနဲ့အတူခရစ်စမတ်သီချင်းတွေဆိုမယ်၊ နှစ်ကူးညကြရင် Show ပွဲတွေသွားမယ်၊ နှစ်သစ်ညမှာ Newyear အော်ကြမယ်။ သူငယ်ချင်းတွေနဲ့အတူ အချိန်ကုန်မှာဖြစ်သလို စာမေးပွဲအတွက်လည်း စာတွေဖတ်တာ၊ မှတ်တာတွေ လုပ်သွားဖို့ ရှိပါတယ်။



**ဝေနီထွန်း**
**( Logistic and Supply Chain Management)**

အရင်နှစ်တုန်းကဒီလိုအချိန်တွေမှာ သူငယ်ချင်းတွေနဲ့အတူ ခရီးသွား ဖြစ်ခဲ့တယ်။ မော်လမြိုင်တို့ဘက်ကို ခရီးထွက်ခဲ့တာ ဒီနှစ်တော့ အိမ်မှာပဲ စာလုပ်ဖို့ မှန်းထားပါတယ်။ ပြီးခဲ့တဲ့လကလည်း ခရီးထွက်ထားတာလည်းပါတော့ အပြင်တော့ မသွားတော့ပါဘူး။ သင်တန်းသာ တက်နေတာ စာက မကြည့်ဖြစ်တာများနေတယ်။ အလုပ်ကလည်း ရှိနေသေးတယ်ဆိုတော့ ဒီလိုအားလပ်ချိန်မှာ စာလုပ်ဖို့ကိုပဲ အာရုံစိုက်ထားပါတယ်။ စားမေးပွဲ ဖြေဖို့တွေ မှန်းထားတော့ ကျောင်းကယူထားတဲ့အသံဖိုင်လေးတွေ နားထောင်ပြီး ကြိုတင်ပြင်ဆင်ဖို့ပဲ ရှိပါတယ်။ တခြား ထူးထူးခြားခြား အစီအစဉ်တွေတော့ မရှိပါဘူး။

# Article 2.5 - Creating Fill Series Using Custom List







ယခင်အပတ်များမှာ Fill Handle Tool နဲ့ Series ဆွဲပြီး Data Entry ဖြည့်နည်းအကြောင်းကို တင်ပြခဲ့ပြီးဖြစ်ရာ ယခုအပတ်မှာလည်း မိမိစိတ်ကြိုက် Data များကို Custom List မှာ ထည့်ပြီး Series ဆွဲနည်းအကြောင်းကို တင်ပြသွားပါမယ်။ Excel Worksheet မှာ Month (January, February, March,….), Day (Monday, Tuesday, Wednesday,….) များကို ထည့်လိုလျှင် မိမိကိုယ်တိုင် ရိုက်ထည့်ဖို့ မလိုဘဲ Fill Handle Tool နဲ့ Series ဆွဲချပြီး ဖြည့်နည်းတွေအကြောင်းကို သိပြီးဖြစ်ပါတယ်။ ယခုအခါမှာလည်း မိမိသည် မိမိကုမ္ပဏီနဲ့ သက်ဆိုင်တဲ့ Region Name, Product List, Employee Name များ အစရှိသဖြင့် Data များထည့်ဖို့ လိုအပ်လာတဲ့အခါ မိမိကိုယ်တိုင် အပြည့်အစုံ ရိုက်ထည့်ဖို့မလိုဘဲ ၎င်းနှင့် သက်ဆိုင်တဲ့ Name တစ်ခုကို "အစ" ရေးထည့်ရုံဖြင့် ကျန် Data များကို အစဉ်လိုက် Series ဆွဲချပြီး ဖြည့်နည်းအကြောင်းကို တင်ပြသွားပါမယ်။ ထိုသို့ပြုလုပ်နိုင်ဖို့အတွက် Excel Options ရဲ့ Setting မှ Custom List Box မှာမိမိရဲ့ Custom Data များကို Add လုပ်ပေးထားရန်လိုပါတယ်။

၁။ ပထမဦးစွာ File Tab ထဲကိုဝင်ပြီး အောက်ဆုံးမှ Option Tab ကိုနှိပ်ပါ။ ထိုအခါ Excel Options Dialog Box ကျလာလိမ့်မည်။ ထိုအထဲမှ Advanced Tab ကိုနှိပ်ပြီး Croll Bar ကိုအောက်ဆုံးအထိဆွဲချကာ Edit Custom List Button ကို နှိပ်ပါ။

၂။ ထိုအခါ Custom List Box ကျလာပါလိမ့်မယ်။ ထိုအထဲတွင် Month, Day List များထည့်ထားသည်ကိုတွေ့ရပါမယ်။ မိမိ၏ Data List များ ထပ်ထည့်လိုလျှင် အပေါ်ဆုံးမှ New List ကို နှိပ်ပြီး ညာဘက်အခြမ်းမှ List Entries Box ထဲမှာ မိမိထည့်လိုတဲ့ Data List ကို ရေးထည့်ရပါမယ်။ မိမိထည့်လိုတဲ့ Data ဟာ Region Name ဖြစ်ပါက (Eg. Yangon, Mandalay, Naypyidaw, Magway,….) အစရှိသဖြင့် ရိုက်ထည့်ပြီးဘေးမှ Add Button ကို နှိပ်ပါ။

၃။ နောက်တစ်နည်းအနေဖြင့် မိမိထည့်ချင်သော Data List ကို Worksheet ထဲတွင် ရေးထည့်ထားလျှင် Custom List Box မှ Import List From Cells ဘေးမှ Box မှာ Cursor ချပြီး Data List ရှိတဲ့ Cell Range (Eg. $B $2:$B$8) ကို Select မှတ်ပြီး Import Button ကို နှိပ်ပါ။

Custom List Box ထဲမှာ မိမိထည့်လိုတဲ့ Custom List Data များ ထည့်ပြီးလျှင် Worksheet ရဲ့ Cell တစ်ကွက်မှာ Custom List မှ Data တစ်ခုကို ရေးထည့်ပြီး ကျန် Data များကို Fill Handle Tool နဲ့ Series ဆွဲပြီး ဖြည့်နိုင်ပြီ ဖြစ်ပါတယ်။

**Global Link Technology**

FrieslandCampina

(1) Marketing Manager

**Key Responsibilities**
- To develop, establish and maintain marketing strategies to meet organizational objectives. Effective management of the marketing, advertising and promotional activities of the organization

**Competency Requirements**
- Business or marketing-related degree
- Minimum 5 years of work experiences in marketing department (FMCG preferred)
- Fluent in English

(2) Distributor Sales Manager

**Key Responsibilities**
- Handling day to day operation of distributor sales operation, direct selling in key carrier accounts , solving moderately complex issue , variables to identify root cause within job area
- Ensure sales plans, key account strategies are implemented. Lead the functional teams towards the launch and promotion of the product

**Competency Requirements**
- Any Degree discipline
- Minimum 4-5 years of experiences in related position/field
- Reporting skills , Proficiency of MS Office and English knowledge will be a bonus
- Must have valid driving license and willing to travel

(3) Nutrition Executive

**Key Responsibilities**
- Performing as a key line between medical and pharmaceutical companies and healthcare, medical marketing programs
- Monitor and evaluate government policy related to infant formula in the respective business territory
- Advise on nutrition matter to customers, visit market for product consultant and sales improvement

**Competency Requirements**
- Graduated with M.B.B.S or B.D.S
- Minimum 2 years of work experiences in same field
- Proficiency of MS Office and Good command of English

Interested and qualified candidates are encouraged to send resumes to jobs.fcmyanmar@frieslandcampina.com or MICT park, Building 18, Level 6, Hlaing Township, Yangon, Myanmar. 01-2305374/5 Ext. 122

MD
မြို့တော် မဥမှာ



သံပြား၊ ဟင်ဂလန်၊ ပေါ်လို၊ သံပိုက်၊ စီချန်နယ်
နှင့် သံထည်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး
သံပြားဖြတ်ခေါက်ချိုးသံပန်း/သံတံခါး၊ တွန်းလှည်း နှင့် သံဒါန်း/စတီးဒါန်းလုပ်ငန်း
STRATEGY FIRST မှ ကျောင်းသား/သူများဝယ်ယူပါက (၅%) လျှော့ပေးပါမည်။
အမှတ်(၂၇၄/ဃ) ဆင်တဲလမ်းနှင့် မလွန်လမ်းထောင့်၊ စက်မှုဇုန်(၃)တောင်ဒဂုံ။
အမှတ်(၀၃/၂၂၇)၊ ဆင်တဲလမ်း၊ စက်မှုဇုန်(၃)တောင်ဒဂုံ။
01- 8100643, 09 - 73116190, 09 - 8635010, 09 - 5143487, 09 - 421015416

## Comments Welcome

STRATEGY FIRST INSTITUTE rSuifom;?auifor;tqifajyrl;twufq&mOD;atmifpcif (Principal) oD wdkYxHodkYfqufo,fwdkufum;EdkifeJzkef;ydkYwEdSwu email r;ukdnf;atmufwifazmjfxm;yonf

**(09) 250 7171 66~68**

**aungchitkhin@mystrategyfirst.com**

# The Magnificent Seven (2016)






'Dpfwf½k&Su@rSaumifbdkf um;cpfoawtwufvufvTfcJhunfh ½kyf&Sif;rsm;xJrS The Magnificent Seven (2016) uawmh eTfcHqdk&ap/ 'Dum;rSm emrnfMuD; rif;om;rsm;tjym;uawmh 0ufvDudk emrnfMunfS vmapcJhwJh rSm; tvH[mvDjrif;rsm;ay:wGif owfwkd usufMuwJh Denzel Washington ? Ethan Hawke wdkY0ifxm;ovdk 2015 wkef;u xGufcJhwJh Jurassic World um; xGu rif;om; Chris Pratt ? jref;rm&kyfqkd'wfcpfrSm;xJu,mEkid;rif;om; Lee Byung-hun wdkYyg0ifxm;ygw,f/

The Magnificent Seven uawmh ½kyf&Sif Rating ay;wJh imdb 0ufbkdufrSm Rating 7.1 txd ay;xm;w,f/ qkdawmh bmvkd aumif;rvJ qkdwm rSefuefvdkY&ygw,f/ tckukd &SmwJh The Magnificent Seven Zmwfum;uawmh aumif;um0ifay:aho; ao;awmh [kwfygbl/ 'Dum;u 1960 ckESpf rSm xkwfcJhwJh The Magnificent Seven udk jyefvnfxkwfvkyfxm;wmjzpfygw,f/ The Magnificent Seven (1960) uvnf; 1954 rSm xkwfcJhwJh Seven Samurai qkdwJh *syef um;udk jyefvnfxkwfxm;wmjzpfygw,f/

Zmwfvrf;u 1879 ckESpfrSm pwif wnfxm;ygw,f/ Rose Creek qkdwJh owå;wif;rdkif;uke; Bogue qkdwJh vkyfief; eYkYay;iftyvlwpfa;kud ykdrS; ,fvSf aeygw,f/ oleYrdkufomawmif Bogue ukd aumufaES;&ydDBogue &Ul E&m ,fukd &ifqkdifrIrsm;aumif;rsmpnf;a0;wkyf aeuygw,f/ 'DcefrSm Bogue wkdYrSdkf wpfyk&mufa&mufvmykd Rose Creek uae xufom;zdkYodkrdkifom;awukdvefrtm; ay;vmygw,f/ owå;wif;u0f;uD tjyefwJh Bogue u oleYrdkifom;awukd vae xufom;zdkYufowJhtwf(3)ywfvdk cdef ay;vdkufygw,f/ qefY;ifuefYufwfvaw ukd nfypfowfvdkufyDk ukdaumifukdyg rDwifoukdkfygawmh w,f/

Bogue &JUowfzwfcdif;ukd Matthew &JU Emma u Bogue ukd jyefvnfvuf pm;acsEkdifzdkYwuf au;pm; aoewfrm;awuk&Swf vmygw,f/ tpkdu ao uH xm;wJh vqkdkvrdkaw ukd wfyDqkdu;ai xkwf,lwJh Sam Chisholm eJY Emma wkdYwdkYqkdygw,f/ Emma ay;wJh aiu;EifukdSam Chisholm u oyfodkdf0ifpm;ayr ,fvqkduD Bogue emrnfukdum;wJh cdefrSm awmhSam Chisholm u vrdkfwpfu;qkdkfS;zdkYwuf oabmwlvdkufygw,f/Sam Chisholm u Bogue wkdY pftyfuS;zdkYwufolrsm; ,f cifaw vrfrSm ao ewfrm;aw ukdpkqmifvdkufygw,f/ aeufqkdfS taocHvdkufwJhfefav;uwkaoewf rm;(7)a,mufpkcJuyD Rose Creek rdkU kdcDvufvmygw,f/ rdkUuf&muf

SFJ Team

cifyfrdkS&ewh Bogue &JUynfvpftykf ukd&SYfypfvdkufyD Bogue ukdifqkdkfSY taumifum;vdkfygw,f/

vufeufbewfrm;(7)a,muf eYvqkduD Bogue wkdb ,fvkdifqkfawU urv/vufeufbewfrm;(7)a,muf u Bogue ukd wufokfzdkb ,fvkdÓPf qifurv/ Bogue ua&m'DukdbdfykoYf zdkb ,fvkd ufuaw ,fvmrvqkdm awukd½kyf&Sif;pyf&dwfuyD qufvuf unfh½IHuyvkdkfwefvkdkfygw,f/ 2016 x xufcJhum;awxrSunfh oifhZmwfum;aumif;zpfw ,fvdkY eTfcH qkd&ap/

## STRATEGY FIRST ဗုဒ္ဓဘာသာအသင်းမှ NCC ကျောင်းသား/သူများ ရွှေတိဂုံဘုရားမှာဝတ်ရွတ်ပူဇော်

STRATEGY FIRST INSTITUTE rS NCC (Batch-1FT, 2FT, 3FT, 4FT, 5FT) aumifom;?aumifolrsm;ukd q&m0Dat mifcpfcifSqdqmifyD (8-12-16) umoyaw;aeYnu (7;30) tcsdefrS a&TwdS*kHbkk&m; obum;a&mufzl;arnfuyDrwhokwfr*vokwfy|mefa'oemawmft u ,fwkdkdwfzwfyfzmifcifw&m;xdkcifrsm;zifyfzmufuefawmhuygw,f/





# မွန်ပြည်နယ်၊ ရေးမြို့နယ်ထဲရှိ ကမ်းခြေများဆီသို့



SFJ Team





ဒီတစ်ပတ်ခရီးသွားကဏ္ဍအတွက်လူပြောသူပြောများနေကြတဲ့ ကဗျာဝကမ်းခြေ ခရီးစဉ်လေးကို လမ်းညွှန်ပေးပါရစေ။ ကဗျာဝကမ်းခြေက မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းမှာ တည်ရှိတဲ့ ကမ်းခြေလေးတစ်ခုဖြစ်ပါတယ်။ ယခုနှစ်ထဲမှာ ကဗျာဝကမ်းခြေဘက်သို့ သွားရောက်လည်ပတ်ကြသူတွေက သူတို့ သွားရောက်ခဲ့ကြတဲ့ ဓာတ်ပုံတွေ၊ ကမ်းခြေအလှရှုခင်းပုံတွေကို လူမှုကွန်ရက်များမှာ ပြန်လည်မျှဝေကြရမှာ ပိုမို လူသိများလာတာဖြစ်ပါတယ်။

လူအများ စိတ်ဝင်စား လည်ပတ်လိုကြတဲ့အတွက် ယခုဆိုရင် ရန်ကုန်က ခရီးသွားကုမ္ပဏီတွေက နေ့ချင်းပြန် ခရီးစဉ်အဖြစ် ကဗျာဝကမ်းခြေကိုစီစဉ်လာကြပြီဖြစ်ပါတယ်။ ရန်ကုန်ကနေ ညပိုင်းထွက်ရှိမှာ ဖြစ်ပြီး နောက်တစ်နေ့ ညပိုင်းမှာ ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ကဗျာဝကမ်းခြေသို့ ဦးတည်ပြီး သွားရောက်မှာဖြစ်ပေမယ့် လမ်းခရီးတစ်ကြောရှိ အခြားစိတ်ဝင်စားဖွယ်နေရာများကိုလည်း ဝင်ရောက် လည်ပတ်ကြဦးမှာ ဖြစ်ပါတယ်။

ကဗျာဝကမ်းခြေဟာ ရေးမြို့ကနေ နာရီဝက် – ၄၅ မိနစ်ခန့် ထပ်မံသွားရောက်ရမှာ ဖြစ်ပြီး ယခင်က ဒေသခံများသာ ပိတ်ရက်များ၊ အခါကြီးရက်များမှာ သွားရောက် လည်ပတ်လေ့ရှိကြပါတယ်။ လူသူအရောက်အပေါက် မများပြားလှသေးတဲ့ ကမ်းခြေလေးက အရိုင်းဆန်ဆန် လှပလျက်ရှိသလို ရန်ကုန်ကနေ မွန်းကြပ်နွမ်းနယ်သူတွေအတွက် ကိုယ်ရော၊ စိတ်ပါ လန်းဆန်းအပန်းပြေစေမယ့်နေရာလေးပဲ ဖြစ်ပါတယ်။ ကမ်းခြေမှာ ဖွင့်လှစ်ထားတဲ့ ဆိုင်ငယ်လေးများကနေ လတ်လတ်ဆတ်ဆတ်ပင်လယ်စာကို ဈေးနှုန်းချိုချိုသာသာနဲ့ ဝယ်ယူစားသုံးနိုင်ပါတယ်။ လက်ရှိမှာတော့ ကမ်းခြေမှာ တည်းခိုနေထိုင်စရာတွေ မရှိသေးဘဲ ကုမ္ပဏီတစ်ခု အပန်းဖြေဟိုတယ်တစ်လုံး တည်ဆောက်ဖို့ စီစဉ်နေတယ်လို့တော့ သတင်းတွေမှာ တွေ့ရပါတယ်။

သာယာလှပတဲ့ ကဗျာဝကမ်းခြေမှာ ရေဆော့ကစား အပန်းဖြေအနားယူပြီးရင်တော့ ရေးမြို့ထဲသို့ သွားရောက်လည်ပတ်ဖို့ ခရီးသွားကုမ္ပဏီတွေက စီစဉ်ထားပါတယ်။ ရေးမြို့ဈေးမှာလည်း ဒေသထွက်ကုန်တွေကို အပြန်လက်ဆောင်ပေးဖို့အတွက် ဝယ်ယူရရှိနိုင်ပါတယ်။ ရေးမြို့မှပြန်လည်ထွက်လာပြီးဆိုရင်တော့အပြန်လမ်းမှာ တည်ရှိတဲ့ ကျိုက္ခမီရေလယ်ဘုရားသို့ ဝင်ရောက်ဖူးမြော်ကြမှာ ဖြစ်ပါတယ်။ နာမည်ကျော် မုဒုံကန်တော်ကြီးသို့လည်း ဝင်ရောက်လည်ပတ်ဦးမှာ ဖြစ်ပါတယ်။ ခရီးသွားကုမ္ပဏီများက ရန်ကုန် – ကဗျာဝကမ်းခြေ နေ့ချင်းပြန် ခရီးစဉ်ကို ကျပ်လေးသောင်း – လေးသောင်းငါးထောင်ဝန်းကျင်နဲ့ ခရီးစဉ် ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

ကဗျာဝကမ်းခြေခရီးစဉ်ကိုTour Package နဲ့မသွားဘဲ ကိုယ့်ဘာသာကိုယ် စီစဉ်ပြီး သွားရောက် လည်ပတ်မယ်ဆိုရင်လည်း ကဗျာဝကမ်းခြေတင်မကဘဲ ရေးမြို့ဝန်းကျင်မှာရှိတဲ့ အခြားသော ကမ်းခြေများသို့ သွားရောက်အပန်းဖြေနိုင်မှာ ဖြစ်ပါတယ်။ ရေးမြို့နဲ့ သိပ်မဝေးတဲ့ အစင်ကျေးရွာအလွန်မှာ တည်ရှိတဲ့ ပင်လယ်ဝကမ်းခြေသို့လည်း သွားရောက်နိုင်သလို လမိုင်းမြို့နယ်ထဲမှာ တည်ရှိတဲ့ ကော့ဒွတ်ကမ်းခြေသို့လည်း သွားရောက် လည်ပတ်နိုင်ပါသေးတယ်။ ရေးမြို့နယ်ထဲက ကမ်းခြေများဟာ လူသူအများအပြား သွားရောက်လည်ပတ်ကြသေးခြင်းမရှိပါဘူး။ ကမ်းခြေများမှာ ဟိုတယ်၊ တည်းခိုခန်းများ မရှိပါဘူး။ ကမ်းခြေများမှာ စားသောက်ဆိုင်များသာ တည်ရှိပြီး သဘာဝအတိုင်း အရိုင်းဆန်ဆန် လှပနေတဲ့ ရေးမြို့နယ်ရှိ ကမ်းခြေများဆီသို့ သွားရောက်လည်ပတ်ဖို့ လမ်းညွှန်ပေးလိုက်ရပါတယ်။

**photo-tripadvisor**








Human Resources Management Batch-12-02
ကျောင်းသား/သူများ သံတောင်ခရီးစဉ်



Business Management & Administration
Batch-11-05 ကျောင်းသား/သူများ သံတောင်ခရီးစဉ်



Business Management & Administration
Batch-12-05 ကျောင်းသား/သူများ သံတောင်ခရီးစဉ်



Business Management & Administration
Batch-12-03 ကျောင်းသား/သူများ ပိန်းလှဲတင် - ကျိုက်ထိုခရီးစဉ်



Sales & Sales Management
Batch-12-01 ကျောင်းသား/သူများ ဘားအံ - တောင်ပိုင်းတောင်ခရီးစဉ်



Business Management & Administration
Batch-11-06 ကျောင်းသား/သူများ ဘားအံ - တောင်ပိုင်းတောင်ခရီးစဉ်



Business Law Batch-11-01 ကျောင်းသား/သူများ
ကျိုက်ထီးရိုးခရီးစဉ်



Business Management & Administration
Batch-11-09 ကျောင်းသား/သူများ ကျိုက်ထီးရိုး ခရီးစဉ်



# Should you live for your résumé or your eulogy?

Strategy First Times ရဲ့ Ted Talk ကဏ္ဍ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ David Brooks ရဲ့ Should you live for your résumé ... or your eulogy? ဆိုတဲ့ Video တိုလေးကို ဖော်ပြမှာဖြစ်ပါတယ်။



စာရေးဆရာနဲ့ ဆောင်းပါးရှင် David Brooks ဟာ စီးပွားရေး၊ နိုင်ငံရေး စတဲ့နယ်ပယ်တွေမှာ ကျွမ်းကျင်သုံးသပ်သူတစ်ယောက် ဖြစ်ပြီးတော့ Wall Street Journal နဲ့ The New York Times တို့မှာလည်း ပုံမှန်ဆောင်းပါးရှင် တစ်ယောက် ဖြစ်ပါတယ်။

ကျွန်တော့်ကို တစ်ခါတုန်းက လူတစ်ယောက်ကနေ ဘဝကို တိုးတက်အောင်မြင်ဖို့ကိုပဲ အမြဲတမ်း အာရုံစိုက်မနေနဲ့လို့ ပြောခဲ့ပါတယ်။ ဘဝမှာ အောင်မြင်ဖို့အပြင် တခြားအရာပေါင်း များစွာရှိနေတာကို အသိအမှတ်ပြုတတ်ဖို့သူကပြောခဲ့တယ်လို့ David Brooks ကပြောပါတယ်။

ဒီဗီဒီယိုထဲမှာ David Brooks က သူ့ရဲ့ထူးခြားတဲ့အတွေးအမြင်တွေကိုရှင်းလင်းထားပါတယ်။ လူတိုင်းမှာ စိတ်နှစ်မျိုးစီရှိကြတယ်လို့ဆိုပါတယ်။ ဒါတွေကတော့ အောင်မြင်မှု၊ ကြွယ်ဝမှု အဖိုးတန်မှု စတာတွေကို လိုချင်တဲ့ Resume Virtues (ကိုယ့် Resume မှာ ရေးလို့ရတဲ့အရာတွေ) နဲ့ နောက်တစ်ခုကတော့ ချစ်ခြင်းမေတ္တာ၊ အသိုင်းအဝိုင်း၊ ခင်မင်မှုစတာတွေကို လိုချင်တတ်တဲ့ Eulogy virtue (Eulogy virtue လို့ခေါ်တာကတော့ ကိုယ်သေသွားရင်တခြားသူတွေက ဒီအချက်တွေနဲ့ကိုယ့်ကိုသတိရနေမှာမို့လို့ပါ) လို့သူက ဆိုပါတယ်။ Brooks က ဒီစိတ်နှစ်ခုလုံးဟာအမြဲတမ်းကိုယ့်အတွင်းစိတ်ထဲမှာ ပြိုင်ဆိုင်နေကြပြီးတော့ နှစ်ခုလုံးဟာလည်း အရေးကြီးတယ်လို့ ဆိုတယ်။

သူဟာစာဖတ်သူ Entrepreneur လောင်း၊ အနာဂတ်ရဲ့ ခေါင်းဆောင်လောင်း တွေကို Eulogy Virtue ကို မေ့လျော့မနေဖို့အတွက် တိုက်တွန်းထားပါတယ်။ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေနဲ့ လူငယ်တွေဟာ တစ်ခါတစ်ရံမှာ အောင်မြင်ပေါက်မြောက်ချင်တဲ့ ရည်မှန်းချက် ကြီးမားလွန်းတာကြောင့်လူ့အသိုင်းအဝိုင်း၊ မိသားစုနဲ့ ဝေးကွာနေတတ်တယ်လို့ ဆိုပါတယ်။ ဆက်လက်ပြီးတော့ ဒီဗီဒီယိုထဲမှာ Brooks က ဒီစိတ်နှစ်မျိုးနှစ်လုံးရဲ့ အရေးပါပုံတွေနဲ့ အောင်မြင်မှုအတွက် လိုအပ်ချက်တွေကိုလည်း ဆက်လက် ရှင်းပြခဲ့ပါတယ်။







## Strategy First Institute မှ ကျောင်းပိတ်ရက်ကြေညာခြင်း

၂၀၁၆ ဒီဇင်ဘာလ (၂၅) ရက် ခရစ်စမတ်နေ့၊ ၂၀၁၇ ဇန်နဝါရီလ (၁) ရက် နှစ်သစ်ကူးနေ့နှင့် ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့များကို ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ထားပါသည်။ ထိုရက်များတွင် သင်တန်းများနှင့် ရုံးပိတ်မည်ဖြစ်ပြီး ၂၀၁၇ ဇန်နဝါရီလ (၅) ရက်နေ့မှစ၍ သင်တန်းများအားလုံး ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများအားလုံးလည်း နှစ်သစ်အခါသမယမှာ အေးချမ်းသာယာပြီး ဆထက်ထမ်းပိုး ကြီးပွားအောင်မြင်ကြစေဖို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

# ကိုယ့်အတွက် အကောင်းဆုံးအလုပ်ကို ဘယ်လိုရှာမလဲ ?

ကိုယ့်အတွက်အကောင်းဆုံးနဲ့ အသင့်တော်ဆုံး အလုပ်တစ်ခု၊ ကိုယ်လည်း တကယ်လုပ်ကိုင်ချင်တဲ့ အလုပ်တစ်ခုကို ရရှိဖို့ဆိုတာ တော်တော် ရှာဖွေရမှာဖြစ်ပါတယ်။ ကိုယ်က တကယ်ကြိုးစားပမ်းစား ရှာဖွေရင်းနဲ့တောင် ကိုယ်လိုချင်တဲ့အလုပ်မျိုး မရရှိတာမျိုးတွေ ရှိနိုင်ပါတယ်။

အကောင်းဆုံးအလုပ်ဆိုတာက လူတိုင်းအတွက်တော့ တူချင်မှတူပေမယ့် တစ်ယောက်ချင်းစီအတွက်အသင့်တော်ဆုံး အလုပ်ကိုတော့ ရရှိအောင်ရှာဖွေလို့ရပါတယ်။ လုပ်ရမယ့်အချက်လေးတွေတော့ ရှိတာပေါ့။ အလုပ်တစ်ခု ရှာဖွေတဲ့အခါမှာကိုယ့်စိတ်ထဲမှာ ဘယ်လိုအဖွဲ့အစည်းမျိုး၊ ဘယ်လိုအလုပ်ပတ်ဝန်းကျင်မျိုးကို လိုချင်တယ်ဆိုတာကိုရှင်းရှင်းလင်းလင်း ဆုံးဖြတ်ထားဖို့ အရင်ဆုံး လိုပါတယ်။ ကိုယ်လိုချင်တဲ့ အလုပ်မျိုးကို သေသေချာချာ စဉ်းစားပြီးပြီဆိုရင်တော့ စရှာလို့ရပါပြီ။

## ၁။ အခွင့်အရေးများအတွက် အဆင်သင့်ဖြစ်နေပါစေ။

အမြဲတမ်း ပြင်ဆင်ထားပါ။ အခွင့်အရေးတွေဆိုတာ သင်လုံးဝမထင်ထားတဲ့ အချိန်တွေမှာပဲ သင့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်ပါတယ်။ ဘယ်လိုအခွင့်အရေးပဲဖြစ်ဖြစ် ရယူနိုင်အောင်လို့အမြဲတမ်း အဆင်သင့်ဖြစ်နေသင့်ပါတယ်။ ပြိုင်ဆိုင်မှုတွေနဲ့ ကြုံလာတဲ့အခါမှာလည်း ကျော်ဖြတ်နိုင်အောင် ကိုယ်လိုချင်တဲ့ လုပ်ငန်းနယ်ပယ်နဲ့ သက်ဆိုင်တဲ့ အရာတွေကို လေ့လာထားသင့်ပါတယ်။ အလုပ်လျှောက်တဲ့အချိန်၊ Interview သွားတဲ့အချိန်မှာ First impression က အရေးပါတဲ့အတွက် အဲဒီအတွက်လည်းဂရုစိုက်သင့်ပါတယ်။

## ၂။ ကျွမ်းကျင်ရာ အလုပ်များ လျှောက်ထားခြင်း

အလုပ်ရှာတဲ့အခါမှာ ကိုယ်လုပ်ခဲ့ဖူးတဲ့ အလုပ်အတွေ့အကြုံ Experience တွေကို ပြန်လည်အသုံးချလို့ရတဲ့ Relevant ဖြစ်တဲ့ လုပ်ငန်းတွေကို လျှောက်ထားဖို့ အရေးကြီးပါတယ်။ ကိုယ် ရတဲ့ဘွဲ့၊ ကျွမ်းကျင်တဲ့နယ်ပယ်က မဟုတ်တဲ့အလုပ်တွေကို လျှောက်ထားနေမယ်ဆိုရင်တော့ အဆင်ပြေနိုင်မှာ မဟုတ်ပါဘူး။ သင်က Career တစ်ခုလုံးပြောင်းပြီး တခြား နယ်ပယ်တစ်ခုမှာ တစ်ကနေ ပြန်စချင်တယ်ဆိုရင်တော့ တစ်မျိုးပေါ့။

မြန်မြန်ဆန်ဆန်အလုပ်ဝင်ချင်တယ်ဆိုရင်တော့အလုပ်လျှောက်ရာမှာလည်ဖို့လိုပါတယ်။ အလုပ်နေရာအများအပြားခေါ်ယူနေတဲ့ အဖွဲ့အစည်းမျိုးမှာ ကြိုးစားကြည့်သင့်ပါတယ်။

အလုပ်နေရာတွေအများကြီး လစ်လပ်နေတဲ့ ကုမ္ပဏီမျိုးက သင့်အတွက် အကောင်းဆုံး အလုပ်ပေးချင်မှ ပေးနိုင်ပေမယ့် ရေရှည်ဆက်ပြီး ကောင်းမွန်တဲ့ အလုပ်ရနိုင်ဖို့ အတွက်တော့ အထောက်အကူနဲ့ အတွေ့အကြုံတွေ ပေးနိုင်ပါလိမ့်မယ်။

## ၃။ Relationship တည်ဆောက်ပါ။

သင်ဟာ သင်အတွက် အသင့်တော်ဆုံး အလုပ်ကိုရရှိနိုင်ဖို့ရှာဖွေရာမှာအဆက်အသွယ်၊ မိတ်ဆွေကောင်းတွေရှိတာကလွန်စွာအထောက်အကူ ဖြစ်စေပါလိမ့်မယ်။ ကိုယ် အလုပ်လုပ်ချင်တဲ့ နယ်ပယ်ထဲက လူတွေများများနဲ့ သိကျွမ်းနေမယ်ဆိုရင် သူတို့ပတ်ဝန်းကျင်မှာ အလုပ်ခေါ်တဲ့အခါတွေမျိုးမှာ ကိုယ့်ကို သတိရကြမှာ ဖြစ်ပါတယ်။ ပြီးတော့ အလုပ်နဲ့ပတ်သက်လို့လည်းသူတို့ဆီက လေ့လာသင်ယူလို့ရပါတယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီး ကောင်းကျိုးဆိုးကျိုးနဲ့ ဆောင်ရန် ရှောင်ရန်တွေကိုလည်း သိနိုင်မှာ ဖြစ်ပါတယ်။

## ၄။ ရည်မှန်းချက်ပြည့်ဝဖို့အတွက် အစွမ်းကုန်ကြိုးစားပါ။

သင်ဟာ အလုပ်တစ်ခု Career လမ်းကြောင်းတစ်ခုကိုတကယ်စိတ်ပါဝင်စားပြီးလုပ်ကိုင်ချင်တယ်ဆိုရင်အဲဒီCareerမှာသင့်အတွက် အကောင်းဆုံးနေရာတစ်နေရာ ရနိုင်ဖို့အတွက် နေ့စဉ်ကြိုးစားပါ။ ရည်မှန်းချက်တစ်ခုထားပြီး နေ့စဉ် ရည်မှန်းချက်ကိုရောက်ဖို့ တစ်လှမ်းချင်း လျှောက်လှမ်းပါ။ အလုပ်တစ်ခုနဲ့တစ်ခုမှာ သတ်မှတ်ချက်တွေ မတူကြပေမယ့် ကြိုးစားမှုနဲ့ စိတ်အားထက်သန်မှု လိုအပ်တာတော့ တူညီကြပါတယ်။

## ၅။ Cover Letter ရဲ့အရေးပါမှု

လိုချင်တဲ့အလုပ်ရနိုင်ဖို့အတွက်က Cover Letter ကလည်း တော်တော်အရေးပါပါတယ်။ Cover Letter ကိုဖတ်လိုက်တာနဲ့ သင်နဲ့တခြား အလုပ်လျှောက်သူတွေနဲ့ ခြားနားတယ်ဆိုတာကို အလုပ်ရှင်က သိနေရပါမယ်။ ကိုယ့်ရဲ့ရည်ရွယ်ချက်တွေ၊ Value စတာတွေကို ဖော်ပြနိုင်ရမှာ ဖြစ်ပါတယ်။ Cover Letter ရေးရာမှာ Formal Document ဖြစ်တဲ့အတွက် အရေးအသား Professional ကျဖို့ လိုအပ်ပါတယ်။ သင်ဟာ ဒီအလုပ်နေရာအတွက် အသင့်တော်ဆုံးဖြစ်တယ်ဆိုတာကို အလုပ်ခန့်မယ့်လူကို ပြောပြရမှာဖြစ်တဲ့အတွက် သုံးမယ့်စကားလုံးတွေကို သေချာရွေးချယ်သင့်ပါတယ်။

ဒီအလုပ်မှာ လုပ်ရဖို့အတွက် မွေးဖွားလာတယ်လို့ ထင်ရလောက်အောင် ကောင်းတဲ့ အလုပ်မျိုးရရှိနိုင်ဖို့မလွယ်ပေမယ့်နောက်တစ်ခါ သင်အလုပ်ရှာတဲ့အခါမှာ ဒီအချက်လေးတွေကို လိုက်နာကြည့်မယ်ဆိုရင်တော့ အကျိုးထူးတာကို တွေ့ရပါလိမ့်မယ်။

သီဟ







# Strategy First Students' 1st Bi-monthly Photography Contest (Dec-Jan 2017)

ခေါင်းစဉ် – **STRATEGY FIRST Moments**

**စည်းကမ်းချက်များ**

- **STRATEGY FIRST** ကျောင်းသား လက်ရှိ/ဟောင်းကိုယ်တိုင် ရိုက်တဲ့ ပုံဖြစ်ရမည်။
- ကျောင်းတံဆိပ် (သို့) တံဆိပ်ပါသော ပစ္စည်းတစ်ခု ပါရမည်။
- မိမိနှစ်သက်ရာ ကင်မရာ/ ဖုန်းများနှင့် ရိုက်နိုင်ပါသည်။
- ပုံကိုပြင်တဲ့အခါ Online က ရတဲ့ ကိုယ်တိုင်မရိုက်တဲ့ပုံတွေနဲ့ စပ်ပြီး တင်ခွင့်မရှိဘူး။ စပ်ထားတဲ့ပုံတွေ Original တွေ ပြနိုင်ရမည်။
- ဒီဇိုင်းသဘောဖြင့် ပုံများကိုအကွက်များအတွင်းနေရာချခြင်း၊ စာများနှင့် ပေါင်းစပ်ထားခြင်း မရှိစေရ။
- ပါဝင်သော Model များ၏ သဘောတူညီချက်ရှိရမည်။
- ပုံကိုပြုပြင်ရာတွင် – removal of dust, cropping, reasonable adjustments to exposure, color and contrast စသော အခြေခံပြင်ဆင်မှုများကိုနိုင်ငံတကာပွဲများထုံးစံ အတိုင်းလက်ခံပေးသည်။
- 20 MB ထက်မကြီးသော ပုံများဖြစ်ရမည်။
- အနည်းဆုံး 300 dpi ဖြင့် 8"x10" size ထုတ်နိုင်သည့်အရွယ်ဖြစ်ရမည်။

**Deadline:** ဇန်နဝါရီ ၁၅၊ ၂၀၁၇

ပေးပို့ရန် email: aungchitkhin@mystrategyfirst.com



**ဆုအတွက် ရွေးချယ်ခြင်း**

- လက်ခံရရှိထားသော ဓာတ်ပုံများမှ ဆန်ကာ တင် ၁၅ ပုံ ကို ဆရာ/ဆရာမ များမှ ရွေးချယ်မည်။
- Facebook Strategy First Official Page မှ ဆန်ကာတင်ပုံများကို တင်ပြီး Like အရေအတွက်ဖြင့် ဆုံးဖြတ်မည်။
- Like 1, Laugh or Wow or Sad 1.5, Heart 2, Angry -1,
- ဆန်ကာတင်ပုံများကို Print ထုတ်ပြီး Study Lounge မှာ ကပ်ထားပါမည်။

**ဆုကြေးများ**

- ပထမဆု (၄) သိန်းတန် အတန်း တစ်တန်း၊ ဒုတိယဆု (၂) သိန်းခွဲ၊ တတိယဆု တစ်သိန်း။ ဆုကြေးများကို Strategy First ရှိ သင်တန်းများတက်ရန်အတွက်သာ အသုံးပြုခွင့်ရှိပါသည်။ ငွေသားဖြင့် လဲလှယ်ခွင့်မရှိပါ။
- ဆုကြေးကို မိမိ Model များနှင့် ခွဲပေလိုပါက ခွဲပေးရန် ဓာတ်ပုံတင်သူတွင်သာ တာဝန်ရှိသည်။
- ကျောင်းမှ ဆုရသော ပုံ (၃) ပုံကို ကြော်ငြာများတွင် အသုံးပြုခွင့်ရှိမည်။
- ဆုမရသော ပုံများကို အသုံးပြုလျှင် တစ်သိန်းတန် သင်တန်းကြေး ချီးမြှင့်ပါမည်။
- ပါဝင်သော Model များကို ဆုကြေး ခွဲပေးလိုပါက ခွဲပေးရန် ဓာတ်ပုံတင်သူတွင်သာ တာဝန်ရှိသည်။
- ဆုရသော ဓာတ်ပုံကို Club Cover Photo အဖြစ် တစ်လ အသုံးပြုပါမည်။

# မြို့ပြညချမ်းတွေကို ပိုမိုပြည့်စုံမယ့် ကမ်းနားလမ်း ညခင်းဈေး





ဒီတစ်ပတ်ရဲ့ **STRATEGY FIRST Times** ရဲ့ စာဖတ်ပရိတ်သတ်တွေအတွက် သွားရင်းလာရင်း လည်ရင်းပတ်ရင်းနဲ့ ပျော်ရွှင်စေမယ့် နေရာလေးတစ်ခုကို ညွှန်းပေးချင်တာကတော့ တိုင်းအစိုးရအဖွဲ့ ဦးဆောင်မှုနဲ့ မကြာခင်ကမှ ဖွင့်လှစ်လိုက်တဲ့ ကမ်းနားလမ်းညဈေးလေးပဲ ဖြစ်ပါတယ်။

မြို့တွင်း (၄) မြို့နယ်က ပျံကျဈေးသည် ၁၆၀၀ လောက်ကို တစ်နေရာတည်းမှာစုပြီး ဈေးရောင်းချခွင့် ပေးထားတာကြောင့်လည်း အမယ်စုံ၊ အစားအသောက်ပေါင်းစုံနဲ့ နှစ်သက်ဖွယ်ရာ လူသုံးကုန်ပစ္စည်းလေးတွေကိုပါ အစုံအလင် တွေ့နိုင်တဲ့ ဈေးခင်းလေးဖြစ်ပါတယ်။

ညနေခင်းရဲ့မိသားစုစုံညီချိန်မှာ ဖွင့်လှစ်ထားတဲ့ဈေးခင်းလေးဖြစ်တာမို့လည်းလာရောက်လည်ပတ်တဲ့သူတွေထဲမှာ အပေါင်းအသင်းအလိုက်၊ အစုအဖွဲ့လိုက် လာရောက်ကြသလို မိသားစုအလိုက် အသုတ်လိုက် လေ့လာလည်ပတ်သူတွေများတာမို့လည်း ရာသီအလိုက် ပြုလုပ်တဲ့ ညခင်းပွဲဈေးတစ်ခုထဲကို ရောက်ရှိသွားတယ်လို့ ခံစားမိစေမှာလည်း ဖြစ်ပါတယ်။

စုံလင်လှတဲ့ ဈေးသည်တွေကြားမှာ ထူးခြားတဲ့ပုစွန်လုံးကြော်တွေ တွေ့နိုင်ဖို့မလွယ်တော့တဲ့ မြန်မာရိုးရာမုန့် မျိုးစုံတွေ အိုးကြီးအိုးငယ်အသွယ်သွယ်နဲ့လတ်လတ်ဆတ်ဆတ် ချက်ပြုတ်ရောင်းချနေတဲ့ညခင်းထမင်းဆိုင်တွေ တရုတ်၊ မလေးရှား၊ ထိုင်း စတဲ့ နိုင်ငံစုံ ချက်ပြုတ်နည်းတွေနဲ့ ကြော်လှော်ရောင်းချတဲ့ ခေါက်ဆွဲဆိုင်တွေ မဆလာနံ့ သင်းသင်းနဲ့ ဆွဲဆောင်နေတဲ့ အိန္ဒိယရိုးရာ အစားအသောက်ရောင်းချတဲ့လက်တွန်းလှည်း ဆိုင်လေးတွေကလည်း ဆွဲဆောင်မှု ကောင်းလှပါတယ်။ တစ်မြို့လုံးက ဈေးသည်ပေါင်းစုံကြားရောက်နေသလိုဖြစ်တာမို့ စိတ်ရှိလက်ရောက် စားသောက်လိုက်မယ်






ဆိုရင်အိမ်ပြန်စရိတ်တောင်အခက်အခဲဖြစ်သွားနိုင်တဲ့ ကာလစုံ ညခင်းဈေးလေး ဖြစ်ပါတယ်။

ရောင်းချတဲ့ အစားအစာတွေကလည်း စုံလင်လွန်းလှပေမယ့် တာဝန်ရှိသူတွေရဲ့ကြီးကြပ်မှုကြောင့်လည်း သန့်ရှင်းလတ်ဆတ်မှုရှိတာ တွေ့ရပါတယ်။ အပြိုင်ဆိုင်တွေ ဘေးချင်းကပ်နေတာမို့လည်း စားတဲ့သူတွေ လက်ခံတဲ့ ပုံစံဖြစ်အောင် ဂရုတစိုက်ပြင်ဆင်ရတယ်လို့လည်း ဈေးသည်တွေကိုယ်တိုင်က ပြောပါတယ်။

တိုင်းအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ဖွင့်လှစ်ထားတဲ့ ညခင်းဈေးလေးဖြစ်တာမို့လည်း လုံခြုံရေးကအစ ကျန်းမာရေးကိစ္စအစုံနဲ့ ရေမီးကအစ ပူပင်ခြင်းကင်းစွာ လည်ပတ်နိုင်တဲ့ မြို့လယ်အိုအေစစ်လေးဖြစ်ပါတယ်။

ယာဉ်အသွားအလာများတဲ့ ကားလမ်းနှစ်ခုရဲ့အလယ်မှာ ဖွင့်လှစ်ထားပေမယ့်လည်း အဝါရောင် ဘလောက်တုံးတွေကို အစီအရီချထားတာကြောင့်လည်း စားသောက်သူတွေ အိန္ဒြေရရနဲ့ စိတ်ချလက်ချနဲ့ စားသောက်ဖွယ်ရာတွေကို မှာယူစားသုံးရင် မြို့လယ်ခင်းရဲ့ညချမ်းအရသာကိုခံစားနိုင်မှာလည်းဖြစ်ပါတယ်။

ရန်ကုန်လှိုင်မြစ်အပေါ်က ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြေအေးတွေကြောင့်လည်း အေးစိမ့်တဲ့ ညခင်းရဲ့လွတ်လပ်မှုကို ခံစားရင်း ပူးနွေးတဲ့ ကြေးအိုးသောက်ပြီး ရာသီဥတုကို အံတုနိုင်မှာလည်း ဖြစ်ပါတယ်။

ညနေ (၃) နာရီကနေည ၁၁ နာရီအထိဖွင့်လှစ်ထားတဲ့ကမ်းနားလမ်းကညခင်းပွဲဈေးလေး ကြောင့်လည်း မွန်းကျပ်လှတဲ့ မြို့ပြလူနေမှုဘဝ အမောတွေပြေပျောက်စေနိုင်တာမို့လည်းအချိန်ရရင်ပဲဖြစ်ဖြစ်၊ တကူးတကပဲဖြစ်ဖြစ် သွားရင်းလာရင်း ပျော်ရင်းပါရင်း လည်ပတ်နိုင်တဲ့ နေရာလေးတစ်ခုအဖြစ် ညွှန်းဆိုချင်ပါတယ်။ **SFJ**

# မီးဖိုချောင်ထဲက အန္တရာယ်






နာမည်ကျော် ငရုတ်သီးမှုန့်အမှတ်တံဆိပ်များအပါအဝင် ငရုတ်သီးမှုန့်အမှတ်တံဆိပ် (၉) မျိုးကို ကျန်းမာရေးနဲ့ မညီညွတ်လို့ ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ဈေးကွက်ထဲက ပြန်လည်ရုပ်သိမ်းဖို့ ကြေညာချက်တစ်စောင် ထွက်လာပါတယ်။ ဒီသတင်းမှာ အိမ်ရှင်မ အများစုကအားထားအသုံးပြုနေရတဲ့ ငရုတ်သီးမှုန့် အမှတ်တံဆိပ်တွေ ပါတာကြောင့် လူမှုကွန်ရက်မှာ မြန်မြန်ဆန်ဆန်ပဲ ပျံ့နှံ့ခဲ့သလို ထိတ်လန့်စရာလည်း ကောင်းလှပါတယ်။

ငရုတ်သီးမှုန့်က မီးဖိုချောင်သုံးကုန်စည်များအနက် မရှိမဖြစ် အမယ်တစ်မျိုးဖြစ်သလို အခုကြေညာချက်ထဲမှာ ပါဝင်တဲ့ ငရုတ်သီးမှုန့်အမှတ်တံဆိပ်တွေထဲက တစ်ခုမဟုတ် တစ်ခုကို အိမ်ရှင်မအများစုက ရွေးချယ် အသုံးပြုနေကြပါတယ်။ ဈေးကွက်ထဲက နာမည်ကျော်ရယ်ဒီမိတ် ငရုတ်သီးမှုန့်အမှတ်တံဆိပ်များက မီးဖိုချောင်ထဲသို့ ရောက်ရှိနေတာ ကြာလှပြီးဖြစ်သလိုအသည်းကင်ဆာဖြစ်စေနိုင်တဲ့ဒီမှိုဆိပ်အန္တရာယ်မှာလည်း မီးဖိုချောင်ထဲသို့ ဘယ်အချိန်ကတည်းက ရောက်ရှိနေတာလည်း ဆိုတာတော့ မသိနိုင်ပါဘူး။

နာမည်ကျော်ငရုတ်သီးမှုန့်အမှတ်တံဆိပ် (၉) မျိုးထဲမှာ မှိုဆိပ် (Aflatoxin B1) လို့ ခေါ်တွင်ပြီးအသည်းကင်ဆာဖြစ်စေနိုင်တဲ့မှိုတစ်မျိုးပါဝင်နေတာ ဖြစ်ပါတယ်။ နိုင်ငံအနှံ့ ဖြန့်ဖြူးရောင်းချနေတဲ့ ငရုတ်သီးမှုန့်အမျိုးမျိုးကို မှိုများ၊ ဆိုးဆေးများပါဝင်ခြင်းရှိ/မရှိကိုဈေးကွက်နမူနာကောက်ယူစစ်ဆေးရာမှာ အခုလို ရလဒ်တွေ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ဈေးကွက်ထဲရှိ ငရုတ်သီးမှုန့်(အကြမ်းမှုန့်၊ အနုမှုန့်၊ လှော်ထောင်းမှုန့်နဲ့ အရောင်တင်မှုန့်) တို့ကို စစ်ဆေးမှုတွေမှာ အစားအသောက်နဲ့ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နဲ့ အာဆီယံအသိအမှတ်ပြု ဓာတ်ခွဲခန်းတစ်ခုတို့ပါဝင်ခဲ့ကြပြီးအသည်းကင်ဆာဖြစ်စေနိုင်သော မှိုဆိပ်ဓာတ်ကို တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။

အဆိုပါ မှိုဆိပ်ပါဝင်တဲ့ ငရုတ်သီး အမှတ်တံဆိပ် (၉) မျိုးကို ဈေးကွက်ထဲက ပြန်ရုပ်သိမ်းခိုင်းထားလျက်ရှိပြီး ပြန်လည်စစ်ဆေးမှုများကို ဆက်လက်ပြုလုပ်သွားမယ်လို့ FDA က ဆိုထားပါတယ်။ ထပ်မံစစ်ဆေးရာမှာ တွေ့ရှိခဲ့မယ်ဆိုရင်တော့ သုံးစွဲရန်မသင့်ကြောင်း ကြေညာပြီး ပိတ်သိမ်းဖို့အထိ အရေးယူမယ်လို့ သတိပေးထားပါတယ်။

ရပ်ကွက်ဈေးတချို့မှာလည်း ငရုတ်သီးမှာပါဝင်တဲ့ မှိုများ၊ ဓာတုဆိုးဆေးများကြောင့် ဖြစ်လာနိုင်တဲ့ ဆိုးကျိုးများအကြောင်းကို သတိပေးကြေညာစာများ ချိတ်ဆွဲထားတာကို တွေ့ရှိရပါတယ်။ ဈေးကဲ့သို့ အိမ်ရှင်မများ ရောက်နေကျနေရာမျိုးမှာ အခုလို သတိပေးစာတွေ ချိတ်ဆွဲထားတဲ့အတွက် ငရုတ်သီးမှ အန္တရာယ်ကို ပြည်သူများအကြားမှာ Awareness ထိထိရောက်ရောက် ရရှိလာနိုင်တဲ့အတွက် အကျိုးရှိစေပါတယ်။

မြန်မာနိုင်ငံမှာ ငရုတ်သီးမှုန့် မတိုင်ခင်က စားသုံးရန်မသင့်တဲ့ လက်ဖက်အမှတ်တံဆိပ်များ၊ ငပိများ၊ အချိုရည်များ စတဲ့ စားသောက်ကုန်များကို FDA က ထုတ်ပြန်ကြေညာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပြည်သူများ နေ့စဉ်စားသုံးလျက်ရှိတဲ့ ထုတ်ကုန်များ၊ အမှတ်တံဆိပ်များ ပါဝင်လေ့ရှိတဲ့အတွက် သတင်းထွက်ပေါ်လာတာနဲ့ ပြည်သူများ ထိတ်လန့်ကြရပါတယ်။ ယခင်က FDA ထုတ်ပြန်တဲ့ သုံးစွဲရန်မသင့်တဲ့ ထုတ်ကုန်များဟာ မှတ်ပုံတင်ခြင်းမရှိတဲ့ ထုတ်ကုန်များ၊ FDA ထောက်ခံချက်မရှိတဲ့ ထုတ်ကုန်များဖြစ်ဖွဲ့လရှိပါတယ်။ အခုထုတ်ပြန်လိုက်တဲ့ ငရုတ်သီးအမှတ်တံဆိပ်များက FDA ထောက်ခံချက်ရ အမှတ်တံဆိပ် ထုတ်ကုန်တွေလည်းဖြစ်နေပြန်ပါတယ်။ ဒါကြောင့်ပြည်သူများကျန်းမာရေး ကာကွယ်စောင့်ရှောက်ရေးအခန်းကဏ္ဍမှာ အရေးကြီးပါဝင်နေသော FDA အစားအသောက်ထုတ်ကုန်များထောက်ခံချက်ပေးရာမှာ စိစစ်စစ်ဆေးမှုများ ယခုထက်ပိုမိုစစ်ဆေးဆောင်ရွက်သင့်နေပြီ ဆိုတာကိုလည်း မီးမောင်းထိုးပြနေပြီဖြစ်ပါတယ်။ ဈေးကွက်ထဲမှာ စားသုံးရန်မသင့်တဲ့ ထုတ်ကုန်များကို ရုတ်သိမ်းပြီး အသစ်တဖန် ဝင်ရောက်လာမယ့် ထုတ်ကုန်များမှာလည်း ပြည်သူတွေ အဆိပ်အတောက်ဖြစ်စေမယ့်ဓာတ်များ ပါဝင်မှုမရှိလာစေဖို့ FDA က အမြဲမပြတ် စစ်ဆေးပေးဖို့ကိုပြည်သူတွေက မျှော်လင့်လျက်ရှိပါတယ်။

**SFJ Team**

The Strategy First Times

| ကြော်ငြာအရွယ်အစား | အတွင်းစာ | နောက်ကျောဖုံး |
|---|---|---|
| 1/4 page H (9 in x 3.5 in) | 50,000 ks | - |
| 1/4 page V (4.3 in x 6.5 in) | 50,000 ks | - |
| Half-page (9 in x 7 in) | 100,000 ks | - |
| Full-page (10 in x 15 in) | 200,000 ks | - |

The Strategy First Times ကို စောင်ရေ (၂၅၀၀) နှစ်ပတ်တစ်ကြိမ် ရိုက်နှိပ်ပြီး Strategy First Institute တွင် အခမဲ့ ဖြန့်ဝေသည်။ ကျောင်းသား/သူများ၏ ကြော်ငြာများကိုသာ လက်ခံပါသည်။ ပြင်ပကြော်ငြာများ လက်မခံပါ။ ကြော်ငြာအားလုံးကို ရောင်စုံ 4C ဖြင့် ရိုက်နှိပ်ပြီး ကြော်ငြာမျက်နှာ ကန့်သတ်ထားပါသည်။ Vacancy များအတွက် ၂၀% လျှော့ပေးပါမည်။ ကျောင်းသား/သူများ၏ လက်ထပ်မင်္ဂလာသတင်းများကို အခမဲ့ ဖော်ပြပေးပါသည်။ လူကြီးမင်း၏ ကြော်ငြာ လက်ခံ/လက်မခံကို အယ်ဒီတာအဖွဲ့မှ ဆုံးဖြတ်ပါမည်။ ကြော်ငြာအတွက် ကိုစောဟေသဆဲ (Student Services Manager) (09) 250717166 - 67 - 68 ကို ကျေးဇူးပြု၍ ဆက်သွယ်ပေးပါ။




ပြင်ပရောင်းဈေး ၂၅၀၀ ကျပ်
ကျောင်းသား/သူများအတွက်
တစ်အုပ် ၂၀၀၀ ကျပ်

(၆)လစာ (၆)အုပ် ၁၀၀၀၀ ကျပ်ဖြင့်
ကြိုတင်မှာယူနိုင်ပါပြီ။

Hot-line: (09) 250717166 ~ 68

လစဉ်ထုတ် SFJ တွင်အောက်ပါ နှုန်းထားများဖြင့် ကြော်ငြာနိုင်ပါသည်။
ကျောင်းသား/သူများအတွက် အထူးလျှော့ဈေး - ၁၀%

| | |
|---|---|
| ရှေ့အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| နောက်အတွင်းဖုံးပြည့် (Art Paper) (7.5 in x 10 in) | 450,000 ks |
| ကျောဖုံးပြည့် (Art Paper) (7.5 in x 10 in) | 700,000 ks |
| အတွင်းသား စာမျက်နှာပြည့် (Woodfree) (7.5 in x 10 in) | 320,000 ks |
| အတွင်းသား ၂ မျက်နှာတွဲ (Woodfree) (15 in x 10 in) | 445,000 ks |

# စံ - ဇာဂနီဘို ဟောစာတမ်း

၂၀၁၆ ဒီဇင်ဘာလ (၁၉) ရက်နေ့မှ ၂၀၁၇ ဇန်နဝါရီ (၁) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

အများကိစ္စများ ပါဝင်ပတ်သက်ရမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ အပင်ပန်းခံ၍ ဆောင်ရွက်ထားသော ကိစ္စများမှ ကောင်းသောအကျိုး ရရှိမည်။ အကြီးအကဲများထံမှ အကူအညီကောင်းများ ရရှိမည်။ ဦးတည်ချက်သစ် ကို လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ နာမည်ကြီးခြင်း၊ လူသိများခြင်း၊ အများတကာက လက်ခံခြင်းကို ကြုံမည်။ ပေါ်ပေါက်လာသော စိတ်ကူးများကို လက်တွေ့အကောင်အထည် ဖော်နိုင်မည်။ အရပ်ဝေးနှင့် တိုက်ရိုက်ဆက်ဆံသော လုပ်ငန်းများမှ ထူးခြားသော အကျိုးအမြတ်ရမည်။ ငွေစုဆောင်းရန် အလွန်ခဲယဉ်းမည်။ ယခင်စုထားသောငွေကိုပင် ဒလဟောသုံးစွဲရမည်။ ဤကာလအတွင်း ကံကောင်းစေသော အရောင် - ပန်းရောင်၊ ခရမ်းရောင်၊ မရမ်းစေ့ရောင်။ အကျိုးပေးဂဏန်း - ၂၊ ၇၊ ၃၊ ၈။ ယတြာ - ဆီထမင်းနှင့် ဘယာကြော်ကို မြောက်အရပ်ကို မျက်နှာမူ၍ စားသုံးခြင်း ပြုကာ လိုရာဆန္ဒပြုပါ။



## တနင်္လာနေ့မွေးသူများ

ဖြေရှင်းမရ၊ ဆိုင်းငံ့ထားသော ပြဿနာများကို ပြေလည်အောင်ဆောင်ရွက်အဖြေရှာနိုင်မည်။ လူယုံထား၍မရ၊ အရာရာ အခြေခံမှစ၍ ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ပါ။ တိုးတက်အောင်မြင်မှုများအပေါ် မနာလို အတိုက်အခံပြုသူများနှင့် တွေ့မည်။ စီးပွားရေးကံ တက်လမ်းများပေါ်မည်။ သူတစ်ပါးအမှုအခင်းများ ကြားဝင်ရောက် တာဝန်ယူအာမခံခြင်း မပြုရ။ အရောင်းအဝယ်၊ ငွေကြေးချေးငှား စာချုပ်များတွင် ကြားဝင်၍ သက်သေပြု လက်မှတ်ရေးခြင်းများ ရှောင်ပါ။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - မိုးပြာရောင်၊ အနီရောင်၊ ကြက်သွေးရောင်။ အကျိုးပေးဂဏန်း - ၀၊ ၉၊ ၂၊ ၈။ ယတြာ - သံဃာတော်တို့အား ကန်စွန်းရွက်ကြော် လှူဒါန်းပါ။



## အင်္ဂါနေ့မွေးသူများ

အလုပ်အကြံအစည်၊ ရည်ရွယ်ချက်မှန်သမျှ ရဲရဲဝံ့ဝံ့ ရှေ့တိုးလုပ်သင့်သည်။ ဆိုင်းငံ့ရန်မသင့်။ အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်ဆံဆောင်ရွက်ထားသည်များမှ ကောင်းသော အကျိုးအမြတ်ရရှိမည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းရမည်။ အရပ်ဝေး၊ တိုင်းတစ်ပါးရောက်ရှိနေသော သူများနှင့်ပြန်လည်ဆုံစည်းရမည်။ မိသားစုလုပ်ငန်း၊ စုပေါင်းတွဲဖက် လုပ်သောလုပ်ငန်းများတွင် ကောင်းသောအကျိုးအမြတ် ရရှိမည်။ ဤကာလအတွင်း ကံကောင်းစေသော အရောင်၊ အဖြူရောင်၊ အပြာရောင်၊ ရွှေအိုရောင် ။ အကျိုးပေးဂဏန်း - ၂၊ ၅၊ ၃၊ ၇ ။ ယတြာ - စမူဆာ (၈) ခုကို သံဃာတော်တို့အားလှူဒါန်းပါ။



## ဗုဒ္ဓဟူးနေ့မွေးသူများ

စီစဉ်ထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ မမျှော်လင့်သောပြဿနာများ ဖြေရှင်းရမည်။ ငွေကြေးအပေးအယူကိစ္စ သတိရှိပါ။ အကုန်အကျ အပျောက်အရှများမည်။ အလုပ်နေရာ အပြောင်းအရွှေ့အတွက် ဆောင်ရွက်ခြင်းများ အဆင်ပြေမည်။ လုပ်ငန်းကို အကြောင်းပြု၍ သွားရောက်သော ခရီးများအဆင်ပြေမည်။ နိုင်ငံခြားခရီးသွားရောက်ရန် စီစဉ်ပြီးမှ နှစ်ကြိမ်အထိပျက်နေမည်။ ယခုကာလအတွင်း သေချာပေါက် ပြည်ပခရီးကြုံမည်။ အလုပ်ရည်မှန်းချက်သစ်များဆောင်ရွက်ရန် အခါကောင်းဖြစ်သည်။ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်မှုများ အောင်မြင်မည်။ နေအိမ်ကိစ္စ စကားပြောဆိုရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - နက်ပြာရောင်၊ အညိုရောင်၊ အစိမ်းရောင်။ အကျိုးပေးဂဏန်း၊ ၁၊ ၀၊ ၆၊ ၈။ ယတြာ - မုန့်လုံးရေပေါ်(၈) လုံးကို ငှက်ပျောဖက်ခင်း၍ ဘုရားကပ်လှူပါ။



## ကြာသပတေးနေ့မွေးသူများ

အပျောက်အရှများမည်။ အကုန်အကျများမည်။ ကျန်းမာရေး ချူချာမည်။ အနီးကပ်လူ ဒုက္ခပေးတတ်သည်။ ဒေါသအမျက်ထွက်လွယ်ခြင်း၊ စိတ်လိုက် မာန်ပါ ဆောင်ရွက်လိုခြင်းများ လျော့ရမည်။ ငွေလက်လွှန်တတ်သည်။ ပစ္စည်းပျောက်တတ်သည်။ မိသားစု အကြီးအကဲ ကျန်းမာရေးချူချာမည်။ အပျက်အစီး အပျောက်အရှများမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများကို သတိထား ကိုင်တွယ်ရမည်။ အန္တရာယ်ရှိသည်။ ပစ္စည်းလှောင်ခြင်း၊ ဈေးကစားခြင်းမပြုရ။ ဆုံးရှုံး နစ်နာတတ်သည်။ မနာလို ရန်အတိုက်အခံ ပြုသူများနှင့် တွေ့မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အညိုရောင်၊ အဝါရောင်၊ မီးခိုးရောင်။ အကျိုးပေးဂဏန်း - ၂၊ ၇၊ ၀၊ ၃ ။ ယတြာ - သတ္တုပန်းအိုးအတွင်း ပန်းအဖြူ (၅) ပွင့်ထိုး၍ အလုပ်နေရာ အမြင့်တစ်နေရာတွင် ထားရှိပါ။



## သောကြာနေ့မွေးသူများ

သစ်လွင်သော အတွေးအခေါ်များနှင့် ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ကာ အကြံအစည် အောင်မြင်မည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မှုများ ရှိမည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့် ဆက်ဆံ၍ တိုးတက်မှုများ အခိုင်အမာ ရရှိမည်။ ပေါ်ပေါက်လာသော အခွင့်အရေးများ လက်ခံပါ။ အလုပ်နေရာ၊ နေအိမ်နေရာ ပြုပြင်တိုးချဲ့ခြင်းများ ဆောင်ရွက်ရမည်။ အလုပ်လျှောက်သူ အလုပ်ရမည်။ လုပ်ငန်းခွင်မှသူများ အဆင့်တက်မည်။ ရာထူးတိုးမည်။ ဝင်ငွေတိုးမည်။ မိသားစု စီးပွားဥစ္စာ ခနတိုးပွားခြင်းရှိမည်။ အပြိုင်အဆိုင်များအားလုံးကို ကျော်လွှားနိုင်ရမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ ရင်းနီးမြှုပ်နှံသူများမှ အကျိုးအမြတ် ကောင်းများ ရရှိမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - မိုးပြာရောင်၊ ရေညှိစိမ်းရောင်၊ နံ့သာရောင်။ အကျိုးပေးဂဏန်း - ၆၊ ၃၊ ၈၊ ၄။ ယတြာ - ကောက်ညှင်းပေါင်းပေါ်တွင် ဘယာကြော်တင်၍ ဘုရားကပ်လှူပူဇော်ပါ။



## စနေနေ့မွေးသူများ

လက်လွှန်ဆုံးရှုံးပြန့်ကျဲနေသော ငွေကြေးများ၊ ပစ္စည်းများပြန်လည်ရရှိမည်။ ရပ်တံ့ဆိုင်းငံ့ထားသော လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်။ ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မှုများရှိမည်။ ရည်ရွယ်ချက်အသစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ တစ်ပြိုင်တည်းတစ်ခုထက် မကသော လုပ်ငန်းများ ဆောင်ရွက်နိုင်မည်။ စုပေါင်းလုပ်ငန်း အကျိုးပေးသည်။ အပြိုင်အဆိုင် အားလုံးကိုလည်း ကျော်လွှားနိုင်မည်။ မိတ်ကောင်းဆွေကောင်းများထံမှ ထူးခြားသော အထောက်အကူကောင်းများ ရရှိမည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် - အပြာရောင်၊ ရွှေရောင်၊ နို့နှစ်ရောင်။ အကျိုးပေးဂဏန်း - ၀၊ ၉၊ ၂၊ ၇။ ယတြာ - တနင်္ဂနွေနေ့တွင် မိတ်ဆွေသင်္ဂဟတို့ကို ရောက်သီးသုပ် ဒါနပြုပါ။

**ချမ်းမြေ့မေတ္တာ တံ့ပြန်ပါသည်။**
**စံ - ဇာဂနီဘို**

# STRATEGY FIRST INSTITUTE

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

# MBA

General Finance HRM Marketing

**Strategy First Institute** is an approved representative of Edinburgh Business School.



Application Deadline for Batch (2) - 31st December 2016

U KYAW LWIN OO, CHAIRMAN

DR. MAY YIN MAUNG, DIRECTOR

KO HTET MYET OO, MANAGING DIRECTOR

MA NANG KYAN MON, DIRECTOR

AYA Bank
Your Trusted Partner ရေပတီဘဏ်

**AYA Bank Education Loan နှင့် သင်တန်းကြေးပေးသွင်းခြင်း**

| EBS MBA (General) (၁၈)လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၃,၄၉၇,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၈၅၉,၅၀၀ ကျပ် |
| ဘဏ်အတိုးအပါ ကျသင့်ငွေပေါင်း | ၁၈,၉၆၃,၉၁၀ ကျပ် |

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၂,၄၉၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၆၀၂,၀၀၀ ကျပ် |
| ဘဏ်အတိုးအပါ ကျသင့်ငွေပေါင်း | ၁၃,၅၀၆,၀၀၀ ကျပ် |

ဒေါ်လာဈေး ၁၂၉၀ ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား /ကျောင်းသူဟောင်းများအတွက် အထူး Discount ကိုခံစားနိုင်ပါသည်။

STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES

# SIGNATURE M.B.A









သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study

Application Deadline for Batch (1) 4th Intake 31st December 2016

No. 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.

**APPLY NOW: (09) 450 177770, 09 250 717168**